ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍**
**အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်( ဓမ္မပဒ-၁၆)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 2 September 2023 ၁၁၂၀၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်

## လူဦးရေစာရင်းကောက်ယူမှုများ ဆောလျင်စွာပြုစုပြီးစီးနိုင်ရေးအတွက်ကိုလည်း တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ပညာရေးမြှင့်တင်မှုကဏ္ဍ၊ စီးပွားရေးမြှင့်တင်မှုကဏ္ဍနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင်လည်း ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

**MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာနှင့် တင်ပြရမည့် အထောက်အထားတို့ကို ဒေသဆိုင်ရာအေဂျင်စီများသို့ အသိပေးရှင်းလင်း**

စာမျက်နှာ » ၁၀

**လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ အချိန်တိုအတွင်း သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှု ရလဒ်ကောင်းများရရှိအောင် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားမည်**

စာမျက်နှာ » ၁၂

ကြေးမုံ

# အသိပညာဗဟုသုတဝေမျှ လူငယ်များဘဝလှ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က နေပြည်တော်ရှိအခြေခံပညာ အထက်တန်းကျောင်းများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းရှိ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများအတွက် နမူနာယူစရာခွန်အားများ ရရှိနိုင်ပါသည်။

အခမ်းအနားတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ဗိုဗီနမ်အားကစားမောင်မယ်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အခြေခံပညာကျောင်းများမှ အားကစားမောင်မယ်များ၏ ဝူရှူး၊ အေရိုးဗစ်နှင့် ကျွမ်းဘားအားကစားနည်းများ သရုပ်ပြတင်ဆက်မှုများသည် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအတွက် စိတ်ဓာတ်ရွှင်လန်းတက်ကြွမှုဖြစ်စေသည့် စံနမူနာပြစွမ်းဆောင်မှုများဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ရှိသည့် အထင်ကရနေရာများအား ကျောင်းသား ကျောင်းသူများ ဗဟုသုတဖြစ်စေရန် "သာယာလှပ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲခင်းကျင်းပြသခြင်း၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် စာအုပ်စာစောင်များ လေ့လာဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား) က ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ် ထားရှိပေးခြင်း၊ စကားပုံဆက်၊ ရုပ်ပုံဆက်၊ ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ စီစဉ်ပေးထားခြင်း၊ ရုပ်မြင်သံကြားမှ အနုပညာရှင်များက ကျောင်းသား ကျောင်းသူများနှင့်အတူ ပျော်ရွှင်ဖွယ်ဂိမ်းများကစား၍ အနိုင်ရသူများအား ဆုချီးမြှင့်ပေးခြင်း၊ ဟာသပညာရှင်များက ကလေးများနှင့်အတူ ဆော့ကစားပြီး အမှတ်တရလက်မှတ်ရေးထိုးပေးခြင်း စသည်တို့သည် စိတ်ရွှင်လန်းတက်ကြွမှုကို ဖြစ်စေခဲ့သည်။

နိုင်ငံတော်အကြီးအကဲက အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကျောင်းသား ကျောင်းသူများကို တန်ဖိုးထားပြီး ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးလာရေးအတွက် ပိုမိုသိရှိနားလည်ပြီး မှန်ကန်သည့် အသိပညာများရရှိစေရန် ကျောင်းများတွင် ဆွေးနွေးဟောပြောမှုများပြုလုပ်ရန် လမ်းညွှန်ထားသည်။ အနာဂတ်ကာလတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူ ထမ်းဆောင်ကြရမည်ဖြစ်ရာ နိုင်ငံ့တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ရဲရင့်ယုံကြည်မှုဖြင့် အများအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် နိုင်ငံတော်က အားထားရသော သားကောင်းရတနာများဖြစ်စေရန် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများကို အစဉ်အမြဲ လေ့လာဆည်းပူးနေကြရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ပညာသာမက ဘဝအတွက် လိုအပ်သော ဗဟုသုတများပါ တိုးပွားရေးရည်ရွယ်ချက်ဖြင့် လူငယ်အသိပညာပေးလှုပ်ရှားမှုများနှင့် ဟောပြောပွဲများကို ကျင်းပခဲ့ခြင်းဖြစ်သည်။ လူငယ်လူရွယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်သဖြင့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများပြည့်စုံနေစေရန်လိုအပ်သည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများအပါအဝင် ဗလငါးတန်ပြည့်စုံမည့် ပညာရေးစနစ်၊ တစ်နည်းအားဖြင့် ဘက်စုံပညာရေးစနစ်ကို နိုင်ငံတော်က အကောင်အထည်ဖော်ပေးနေသည်။

အသိပညာ၊ ဗဟုသုတနှင့်ဉာဏ်ရည်ဉာဏ်သွေးများ မြင့်မားတိုးတက်လာစေရန်အတွက် ကျောင်းသင်ပညာများကို စဉ်ဆက်မပြတ်ဆည်းပူးနေရမည်။ ပညာဆည်းပူးခြင်းဖြင့် အကောင်းအဆိုး၊ ဆင်ခြင်တုံတရားနှင့် ဆန်းသစ်မှုတို့ကို ရှာဖွေနိုင်မည်။ ပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်ကောင်းမွန်ရေးနှင့် ကျန်းမာသန်စွမ်းရေးတို့လည်းလိုအပ်သည်။ လူငယ်လူရွယ်များသည် စိတ်ဓာတ်အားဖြင့် ဖြူစင်ပြီးသားဖြစ်သော်လည်း ပတ်ဝန်းကျင်ပေါ်မူတည်၍ ပြောင်းလဲလာတတ်သည်။ ထို့ကြောင့် ရှိပြီးသားအဖြူထည်ကို ညစ်နွမ်းမှု၊ အရောင်ဆိုးမှု မခံရလေအောင် ငါးပါးသီလဟူသည့် ကိုယ်ကျင့်တရားဖြင့် ထိန်းကျောင်းကာကွယ်ရန်လိုအပ်သည်။

ကိုယ်ကျင့်တရားအပြင် ကောင်းမြတ်သည့် အလေ့အကျင့်များဖြင့် အစဉ်အမြဲပြုပြင်ဆေးကြောနေရမည်ဖြစ်သည်။ အရက်သေစာ၊ မူးယစ်ဆေးဝါးနှင့် အပျော်အပါးစသည့် မကောင်းမှုတို့ကို ရှောင်ကြဉ်၍ ကောင်းမှုများကို ယူရမည်ဖြစ်သည်။ လူငယ်များအနေဖြင့် ကောင်းမြတ်သောအနာဂတ်ကို ဖန်တီးနိုင်ရန်အတွက် မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှု၊ မိဘဆရာသမားများ၏ သွန်သင်ဆုံးမမှုနှင့် အတုယူစရာ ပတ်ဝန်းကျင်ကောင်းများရှာဖွေမှုတို့ဖြင့် တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဝန်ကြီးဌာနသုံးခု ပူးပေါင်းစီစဉ်ကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲနှင့် အခမ်းအနားများသည် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများ ဗလငါးတန်ဖွံ့ဖြိုးလာရေးကို တွန်းအားပေးသည့် လှုပ်ရှားဆောင်ရွက်မှုများဖြစ်ရာ ယင်းအစီအစဉ်များ နိုင်ငံတစ်ဝန်း ဆက်လက်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်နှင့်လူငယ်များ၏အနာဂတ် တိုးတက်တောက်ပြောင်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

# လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၇၉ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၃၇၅၈ ဗိုလ်မှူးကြီး အောင်ကြည်လင်း — အစား — ကြည်း ၂၇၃၅၁ ဗိုလ်မှူးကြီး ကျော်သူရ

(၂) **ကယားပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၂၀၀၀ ဗိုလ်မှူးကြီး မြင့်ဝေ — အစား — ကြည်း ၂၆၈၆၃ ဗိုလ်မှူးကြီး သန်းစိုးအောင်

(၃) **ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၂၆၁၇ ဗိုလ်မှူးကြီး မျိုးမင်းနောင် — အစား — ကြည်း ၂၇၂၃၈ ဗိုလ်မှူးကြီး မင်းသူကျော်

(၄) **ချင်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၅၉၉၅ ဗိုလ်မှူးကြီး ဟန်ဝင်းအောင် — အစား — ကြည်း ၂၉၂၁၆ ဗိုလ်မှူးကြီး သိန်းထွန်းအောင်

(၅) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၆၁၀၉ ဗိုလ်မှူးကြီး ကျော်ကျော်မင်း — အစား — ကြည်း ၃၂၁၃၂ ဗိုလ်မှူးကြီး နေလင်းစိုး

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# လှည်းကူးမြို့နယ်၌ Google Earth Application အသုံးပြု၍ မြေတိုင်းတာနည်းသင်တန်း ပြုလုပ်

လှည်းကူး စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လယ်ယာမြေများလျော့နည်း ပပျောက်မှုမရှိစေရေးအတွက် Google Earth Application အသုံးပြု၍ မြေတိုင်းတာနည်းသင်တန်းကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါသင်တန်းတွင် လယ်ယာမြေများ အခြားနည်းသုံးစွဲမှု ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောက်ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်မည့်နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်း(Standard Operating Procedure-SOP) ရေးဆွဲပြုစုရေးကော်မတီမှ တာဝန်ရှိသူများက Google Earth Application အသုံးပြုရမည့် နည်းလမ်းများကို ဆွေးနွေးပို့ချခဲ့သည်။

ထို့နောက် လယ်ယာမြေများ လျော့နည်းပပျောက်မှု မရှိစေရေးအတွက် Google Earth Application အသုံးပြု၍ မြေတိုင်းတာနည်းသင်တန်းသို့ မြို့နယ် SOP ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးများ၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စုများမှ စာရေးဝန်ထမ်းများ စုစုပေါင်း ၁၇၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၄၀၀ | ၉၄၀ | ၈,၈၇၆,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၈,၇၉၂ | ၂၇,၈၀၃,၉၀၀ |
| MCB | ၈,၁၀၀ | ၈,၀၀၀ | ၄၇၃ | ၃,၇၈၅,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၃,၅၄၄ | ၆,၀၂၄,၈၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၅၅၀ | ၁,၃၄၇,၅၀၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၈၈၇ | ၂,၀၄၀,၁၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၄၃၅ | ၂,၁၃၁,၅၀၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၁,၆၈၇ | ၃,၂၀၅,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူများအားလုံး ပညာတတ်များဖြစ်ရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ခြောက်လသက်တမ်းတိုးပြီးချိန်တွင် အသစ်ထပ်မံဖွဲ့စည်းသည့် ကောင်စီဝင်များဖြင့် ဒုတိယအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေချိန်အတွင်း နိုင်ငံတော်ကိုပုံမှန်လမ်းကြောင်းအတိုင်း ဖြစ်စေရန်နှင့် ရွေးကောက်ပွဲပြန်လည်ကျင်းပပြုလုပ်၍ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန်ပြန်လည်လွှဲပြောင်းပေးနိုင်ရန်မှာ မိမိတို့၏အဓိကတာဝန်ပင်ဖြစ်ကြောင်း၊ ယခုအခါ အရေးပေါ်အခြေအနေကာလမှာ နှစ်နှစ်ကျော်ကာလသို့ရောက်ရှိလာပြီဖြစ်ကြောင်း၊ မိမိတို့အနေနှင့် နိုင်ငံတော်ကိုအရေးပေါ်အခြေအနေဖြင့် တာဝန်ယူဆောင်ရွက်နေရသည်ဖြစ်သော်လည်း အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများအားလုံး တိုးတက်အောင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းမှ ရပ်တန့်နေ၍မရကြောင်း၊ ရပ်တန့်နေပါက ရပ်တန့်နေသည့် နယ်ပယ်၊ ရပ်တန့်နေသည့်ဒေသသည် ကျန်ခဲ့မည်ဖြစ်ကြောင်း။

မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အသစ်ထပ်မံချမှတ်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၏ ပထမအချက်တွင် **"လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"**ဟု ချမှတ်ထားကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်အုပ်ချုပ်ရေးတို့နှင့်ပတ်သက်၍ ခွဲခြား၍ရကြောင်း၊ ဖက်ဒရယ်စနစ်ကို လူမျိုးအားအခြေခံသည့် ဖက်ဒရယ်စနစ်ကိုဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့်စနစ်ကို အဓိကထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာများရှိရန်လို**ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ်တိုက်တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံးစာတတ်မြောက်ရန်နှင့် အတန်းပညာများတတ်မြောက်ရန်လို**ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကျေးလက်ဒေသများတွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၃၈၇၉ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၂၁၅၅၀ ကျောင်းရှိသည်ကိုတွေ့ရှိရပြီး မြို့ပေါ်တွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၆၂၆ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၃၃၁၈ ကျောင်းရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ အချက်အလက်များအရ အလယ်တန်းကျောင်းများ၏ ကျေးလက်နှင့်မြို့ပြအချိုးမှာ ၈ အချိုး ၁ ရှိပြီး မူလတန်းကျောင်းများ၏ အချိုးမှာ ၆ ဒသမ ၅ အချိုး ၁ ရှိသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ ပျမ်းမျှမြို့ပေါ်နေလူဦးရေမှာ ၂၈ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နေလူဦးရေမှာ ၇၂ ရာခိုင်နှုန်းခန့်ရှိသဖြင့် ကျေးလက်နေပြည်သူမှာ များပြားကြောင်း။

☆ **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာများရှိရန်လို**

☆ **ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံးစာတတ်မြောက်ရန်နှင့် အတန်းပညာများတတ်မြောက်ရန်လို**

☆ **တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများ၊ ပညာရေးအားပေးမှုနည်းပါးခြင်းနှင့် အခြားအခက်အခဲအမျိုးမျိုးကြောင့် အထူးသဖြင့် ပြည်နယ်များရှိ ကျေးလက်ဒေသများတွင် ပညာရေးအားနည်းသည်ကို တွေ့ရ၊ မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးမြှင့်တင်မှုကို မလွဲမသွေ ဆောင်ရွက်ပေးရမည်**

ပညာရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရ အဆက်ဆက်က ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရကြောင်း၊ သို့သော် ကျေးလက်နေပြည်သူများ၏ စာတတ်မြောက်မှုမှာနည်းပါးပြီး မြို့ပေါ်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ ပိုမိုများပြားသည်ကို တွေ့ရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ကျောင်းရှိသော်လည်း ကျောင်းနေရာခိုင်နှုန်းနည်းပါးခြင်းနှင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားမှုများ နည်းပါးသည်ကို တွေ့ရကြောင်း၊ **တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများ၊ ပညာရေးအားပေးမှုနည်းပါးခြင်းနှင့် အခြားအခက်အခဲ အမျိုးမျိုးကြောင့် အထူးသဖြင့် ပြည်နယ်များရှိ ကျေးလက်ဒေသများတွင် ပညာရေးအားနည်းသည်ကိုတွေ့ရ**ကြောင်း၊ ထို့ကြောင့် **မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးမြှင့်တင်မှုကို မလွဲမသွေဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ပညာရည်မြင့်မားရေးကိုဦးစားပေးအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခင်ကမိမိတို့နိုင်ငံတွင် "အ" သုံးလုံးသင်တန်းများကို သင်ကြားပေးခဲ့ရာ အောင်မြင်မှုများရှိခဲ့ပြီး ကမ္ဘာပေါ်တွင် စံပြပုံစံတစ်ခုအနေဖြင့် အသိအမှတ်ပြုခံရမှုများရရှိခဲ့ကြောင်း၊ "အ"သုံးလုံးသင်တန်းများမှတစ်ဆင့် စာပေဖတ်ရှုမှုကို စိတ်ဝင်စားလာပြီး ၎င်းကိုအခြေခံ၍ ပညာတတ်မြောက်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ကျောင်းပြင်ပပညာရေးဖြင့် မူလတန်းပညာ KG + 5 အထိ သင်ကြားပေးနိုင်ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၄ ခုနှစ်တွင် လက်တွေ့ဆောင်ရွက် အောင်မြင်ခဲ့သည့်သာဓကရှိကြောင်း၊ ၎င်းမှတစ်ဆင့် KG + 9 ကို သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ ပညာရည်မြင့်မားရေး မျှော်မှန်းချက်တွင် အဆိုပါအချက်ကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း။

စည်းကမ်းသတ်မှတ်ချက်များမှတစ်ဆင့် ဥပဒေများဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံရှိ ပြည်သူများအားလုံးအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို သွားရာတွင် ပညာတတ်များဖြစ်ရန်လို**ကြောင်း၊ **ဥပဒေနှင့် ပတ်သက်သည့် အသိပညာများကိုလည်း နားလည်မှုရှိရန်လို**ကြောင်း၊ ထို့ကြောင့် **အဆင့်မြင့်ပညာသင်ကြားပေးသည့် တက္ကသိုလ်များတွင် ဥပဒေဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးနေခြင်းဖြစ်**ကြောင်း၊ ဥပဒေအခြေခံကို လက်တွေ့ကျကျသိရှိနိုင်ရေး BA (Law) ဘွဲ့ပေးရန်စီစဉ်ထားပြီး ဥပဒေကိုအသက်မွေးဝမ်းကျောင်းပညာအဖြစ် အသုံးပြုမည့်သူများအတွက် LLB ဘွဲ့ကိုမူ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ အနည်းဆုံးတက္ကသိုလ်တစ်ခုစီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအခြေခံပညာရပ်များကို နားလည်သိရှိသူများ များပြားလာမည်ဆိုပါက နိုင်ငံရေးနှင့်ပတ်သက်၍ အကျိုးပြုမှုများဖြစ်လာမည်ဟုယုံကြည်ပါကြောင်း။

**နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက်လိုအပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်နှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိ**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတစ်ခု၏စီးပွားရေး GDP ကို တွက်ချက်ရာတွင် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ သုံးမျိုးရှိကြောင်း၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုများမှအခြေခံ၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရန်အတွက် ကုန်ကြမ်းများလိုအပ်ကြောင်း၊ အခြေခံကုန်ကြမ်းများရှိမှသာ အခြားလုပ်ငန်းများလည်းပတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို စက်မှုထုတ်ကုန်အဖြစ် အဆင့်မြှင့်ထုတ်လုပ်ခြင်းဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များသည် မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် သေချာသည့် ကုန်ကြမ်းများဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ မူလရှိပြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်၍ ခိုင်မာသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရပ်များအလိုက် ပညာရှင်များ၊ နားလည်တတ်ကျွမ်းသူများ လိုအပ်ကြောင်း၊ **မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်၌ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ နည်းပါးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများမွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ အသစ်ထပ်မံချမှတ်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်၏ လူမှုရေးဦးတည်ချက် ပထမအချက်တွင် **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"**ဟု ချမှတ်ထားကြောင်း၊ ကုန်ထုတ်လုပ်မှုကို အထောက်ကူပြုသည့် ပညာရှင်များ ပေါ်ထွန်းလာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူလတန်းပညာ၊ အလယ်တန်းပညာများပြီးမြောက်ပြီးသူများကို အထက်တန်းပညာတက်ရောက်ချိန်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်သည့် ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဘာသာရပ်အလိုက် ထူးချွန်သူများအနေဖြင့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များသို့ ဆက်လက် တက်ရောက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ တတ်ကျွမ်းရန် လိုအပ်သည့်အတွက် တက္ကသိုလ်များ၌ စီးပွားရေးပညာကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌လည်း စီးပွားရေးအသိပညာအခြေခံကို တတ်သိနားလည်မည့်သူများနှင့် ကျွမ်းကျင်ပညာရှင်များ ထွက်ပေါ်လာရေးနှစ်ပိုင်းခွဲဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးအမြင်ရှိပြီး အခြေခံသဘောတရားကို နားလည်သည့် လူသားအရင်းအမြစ်များ များစွာရှိလာမည်ဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

**အရည်အသွေးမြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အထောက်အကူပြုသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး**

**တိုင်းပြည်စီးပွားရေးကို မြှင့်တင်ရာတွင် လူသားအရင်းအမြစ်ကောင်းများ များစွာမွေးထုတ်ပေးနိုင်ရန်လိုအပ်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်လို**ကြောင်း၊ ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် မိမိတို့နိုင်ငံ၏ GDP မှာ ၇၈ ဒသမ ၉ ဘီလီယံရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများထက် များစွာလျော့နည်းလျက်ရှိကြောင်း၊ တန်ဖိုးမြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ များပြားခြင်းကြောင့် GDP များရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံအနေဖြင့် ထုတ်ကုန်ပစ္စည်းများ၊ တစ်ဧကအထွက်နှုန်းများ၊ သီးထပ်စွမ်းအားများ အားနည်းနေသည်ကို တွေ့ရှိရပြီး လုပ်ငန်းများအောင်မြင်မှုရရှိရန် ဖိဖိစီးစီးလုပ်ဆောင်လိုစိတ်အားနည်းခြင်း၊ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းဖန်တီးပေးနိုင်မှု အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း၊

☆ **မိမိတို့နိုင်ငံရှိ ပြည်သူများအားလုံးအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို သွားရာတွင် ပညာတတ်များဖြစ်ရန်လို၊ ဥပဒေနှင့်ပတ်သက်သည့် အသိပညာများကိုလည်း နားလည်မှုရှိရန်လို**

☆ **တိုင်းပြည်စီးပွားရေးကို မြှင့်တင်ရာတွင် လူသားအရင်းအမြစ်ကောင်းများ များစွာမွေးထုတ်ပေးနိုင်ရန်လိုအပ်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကို တိုးမြှင့်ဆောင်ရွက်ရန်လို**

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

အခွင့်အလမ်းဖန်တီးပေးနိုင်မှု အားနည်းခြင်းတွင် နှစ်ပိုင်းရှိပြီး လိုအပ်သည့်သွင်းအားစုများ ပြည့်စုံစွာရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မှု အားနည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်သူများကို အားပေးချီးမြှင့်မှု (Incentive)များ လုပ်ဆောင်ပေးရန် အားနည်းခြင်းတို့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိစေရေး ဖိဖိစီးစီးဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းများ ဖော်ဆောင်ဖန်တီးပေးရန်နှင့် အားပေးချီးမြှင့်မှုများဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် သွင်းအားစုများ ပြည့်စုံစွာရရှိရေးနှင့် အားပေးချီးမြှင့်မှု(Incentive)များ ဖော်ဆောင်ပေးနိုင်ရေး အစိုးရမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီးပွားရေးအားကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် စီးပွားရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုသည့် ပညာရှင်များပေါ်ထွက်လာရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းပညာရှင်များ မွေးထုတ်ပေးနိုင်ရေး လူတိုင်းလက်လှမ်းမီသည့် ပညာရေးဖြစ်ရန်လိုအပ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးမည့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ ယင်းတို့ကို ပြည့်စုံအောင် ဆောင်ရွက်ပေးမည်ဆိုပါက နောင်အနာဂတ်တွင် ပညာရေးနှင့် စီးပွားရေးအားကောင်းမွန်လာမည်ဖြစ်ကြောင်း။

ပြည်ပပို့ကုန်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံမှ ပို့ကုန်များသည် ဈေးကောင်းရရှိမှု မရှိသည်ကို တွေ့ရှိရပြီး ကုန်ထုတ်လုပ်မှုနည်းပညာ အားနည်းမှုများကြောင့်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများဖြစ်မှသာလျှင် ဈေးကောင်းရရှိနိုင်မည်ဖြစ်သဖြင့် အဆင့်မြင့်ကုန်ထုတ်လုပ်မှုနည်းပညာများဖြစ်ရန်လိုကြောင်း၊ ထို့ပြင် ဝယ်လိုအားကို ပြည့်မီအောင်ထုတ်လုပ်နိုင်ရေးအတွက်လည်း မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

**☆ မဲစာရင်းများ အပြည့်အဝကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲစာရင်းများ အပြည့်အဝကောက်ယူနိုင်မှသာလျှင် မှန်ကန်သည့်မဲစာရင်းများ ရရှိမည်ဖြစ်ကာ ရွေးကောက်ပွဲကိုလည်း မှန်မှန်ကန်ကန်ဖြင့် ပြုလုပ်နိုင်မည်**

**☆ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရေး တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်မှုများရှိနေသည့် နယ်မြေများတွင် ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်၍မရသည်ကို တွေ့ရ**

**☆ လူတစ်စု၏မိုက်မဲမှုကို ဒေသခံလူအများက ခံနေရ၊ ပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုးကိုကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းဆောင်ရွက်ကြရန်လို**

## လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံအချက်အလက်များ မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လည်ပြုစုရမည်ဖြစ်ကြောင်း၊ အခြေခံအချက်အလက်များ မှန်ကန်မှသာလျှင် မဲစာရင်းမှန်ကန်မှုရှိမည်ဖြစ်ကြောင်း၊ ယခင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ်၌ မိမိတို့နိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် သုည ဒသမ ၈ ရာခိုင်နှုန်းသာရှိပြီး ယင်းကို အခြေခံ၍ တွက်ချက်ကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်သည့် မဲဆန္ဒရှင်စာရင်းကို တွက်ချက်၍ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ လွဲမှားမှုများစွာဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် လိုအပ်သည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမှု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သန်းခေါင်စာရင်း ကောက်ယူပြီးမှသာလျှင် လူဦးရေစာရင်း ထွက်လာမည်ဖြစ်ပြီး မဲစာရင်းကို ပြုစုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မဲစာရင်းကောက်ယူမှု မပြုနိုင်သေးသည့် မြို့နယ်အချို့ရှိကြောင်း၊ မဲစာရင်းကောက်ယူသည့် တာဝန်ရှိသူများကို အနှောင့်အယှက်ပေးနေမှုများကြောင့် ကောက်ယူမှုမပြုနိုင်သေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် **မဲစာရင်းများ အပြည့်အဝကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲစာရင်းများ အပြည့်အဝကောက်ယူနိုင်မှသာလျှင် မှန်ကန်သည့် မဲစာရင်းများရရှိမည်ဖြစ်ကာ ရွေးကောက်ပွဲကိုလည်း မှန်မှန်ကန်ကန်ဖြင့် ပြုလုပ်နိုင်မည်ဖြစ်**ကြောင်း၊ ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်ဖြစ်အောင် ဆောင်ရွက်၍ရသည်ဖြစ်သော်လည်း မိမိတို့ပြုလုပ်သည့် ရွေးကောက်ပွဲသည် စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ပတ်သက်၍ အားနည်းချက်များရှိနေဆဲဖြစ်ပြီး အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဒီမိုကရေစီကို တောင်းဆိုသည်မှာ မဖြစ်သင့်သည့်ကိစ္စဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာဒေသများသို့ ရောက်ရှိပါက လူဦးရေစာရင်းကောက်ယူမှုများ ဆောလျင်စွာ ပြုစုပြီးစီးနိုင်ရေးအတွက်ကိုလည်း တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ပညာရေးမြှင့်တင်မှုကဏ္ဍ၊ စီးပွားရေးမြှင့်တင်မှုကဏ္ဍနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက်ကောင်စီဝင်များက ကယားပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သည့်ကိစ္စရပ်များ၊ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ကူညီပေးရေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ အခြေခံပညာကျောင်းများတွင် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းများအတိုင်း အပြည့်အဝသင်ကြားပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများနှင့် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးရေး၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ကြုံတွေ့ရနိုင်သည့် မဲစာရင်းဆိုင်ရာမှားယွင်းမှုများနှင့် မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဥပဒေပြဋ္ဌာန်း၍ ကြပ်မတ်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဒေသအလိုက်တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူလူထု၏ အင်အားကိုရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ယင်းစုစည်းအားကို အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရေး စည်းရုံးဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းသည့်နယ်မြေနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတို့ နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာကွာဟသွားသည်ကိုတွေ့ရကြောင်း၊ **နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရေး တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်မှုများရှိနေသည့် နယ်မြေများတွင် ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်၍မရသည်ကို တွေ့ရ**ကြောင်း၊ **နောက်ကျကျန်ခဲ့ခြင်းအကျိုးဆက်ကို နယ်မြေခံလူထုက ခံစားနေရ**ကြောင်း၊ **လူတစ်စု၏မိုက်မဲမှုကို ဒေသခံလူအများက ခံနေရ**ကြောင်း၊ **ပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုးကိုကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းဆောင်ရွက်ကြရန်လို**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့်လည်း အဆင့်ဆင့် ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဒေသအလိုက်ရှိ တိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုပြီး ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ၎င်းတို့၏ ယုံကြည်ချက်၊ ခံယူချက် မြင့်မားလာအောင် ဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် တိုင်းပြည်အပေါ်တွင် စိတ်ကောင်းစေတနာကောင်းထားရန်လိုကြောင်း၊ နိုင်ငံရေးမျှော်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း။

လာမည့် အောက်တိုဘာ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခဲ့သည့် ၈ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ **NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့**ကြကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှပျက်ပြယ်မှုမရှိ တည်ရှိနေမည့်စာချုပ်ဖြစ်ကြောင်း၊ အစိုးရဘက်မှ မိမိကိုယ်တိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူတစ်ဦးက NCA နှင့်ပတ်သက်၍ အထောက်အထားမဲ့၊ အဓိပ္ပာယ်မဲ့စွာ လက်လွှတ်စပယ် ပြောကြားခဲ့သည်ကိုတွေ့ရကြောင်း၊ **တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ NCA စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **လာမည့် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် ၈ နှစ်မြောက် NCA နှစ်ပတ်လည်နေ့ကိုလည်း လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ၊ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဖြစ်**ကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများနှင့် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးပွဲများကျင်းပ၍ နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း။

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး စနစ်တကျ မှန်မှန်ကန်ကန် မဲပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း လုံခြုံစိတ်ချရသည့် အီလက်ထရောနစ်မဲပေးစနစ်ဖြင့် စနစ်တကျမဲပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများနှင့် ပတ်သက်၍ စနစ်တကျရှိစေရေးအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍတွင် လယ်ယာလုပ်သား ရှားပါးမှုအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစနစ် မှန်ကန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပညာရေးကဏ္ဍတွင်လည်း လက်ရှိအကောင်အထည်ဖော်နေသည့် Kg + 9 မှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ သိပ္ပံအဆင့်သို့ တက်လှမ်းပြီး ထိုမှတစ်ဆင့် လက်တွေ့အသုံးချသိပ္ပံပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရေးအတွက် Poly technic institute ထူထောင်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ၊ ပညာရှင်များ မွေးထုတ်နိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လူငယ်များ ပညာရေးကောင်းမှ နိုင်ငံ၏အနာဂတ် ကောင်းမွန်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကောင်းမွန်စေရေးအတွက် မျှော်မှန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့် အမြင်ကျယ်ကျယ်ထား၍ နိုင်ငံတော်တစ်ဝန်းလုံးအတွက် လွှမ်းခြုံစဉ်းစားဆောင်ရွက်ရန်နှင့် နယ်ပယ်အားလုံးအတွက် ကိုယ်စားပြု၍ ကြိုးစားလုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် (၅)ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံသို့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁**

(၅)ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံ (The Fifth China Quality Conference)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပလျက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Chengdu Century City New International Convention Center ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဖွင့်အမှာစကားပြောကြားရာ၌ စီးပွားရေးပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုပုံစံနှင့် စွမ်းဆောင်ရည် အာမခံချက်များတွင် အရည်အသွေးပိုင်းဆိုင်ရာ သဘောတရားများကိုလည်း လျစ်လျူရှုထား၍ မရနိုင်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် (၁၄)ကြိမ်မြောက် (၅)နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅)တွင် ပတ်ဝန်းကျင်နှင့် ဆီလျော်သည့် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၁၄)ကြိမ်မြောက် အမျိုးသားညီလာခံအစည်းအဝေး၌ သမ္မတ ရှီကျင့်ဖျင်က အရည်အသွေးမြင့်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးနှင့် အရည်အသွေးမြင့်သည့်ထုတ်ကုန်များကို ပိုမိုအဆင့်မြှင့်တင်ရန် အလေးပေးပြောကြားခဲ့ကြောင်း။

**သိသာစွာတိုးတက်လျက်ရှိ**

ယခုကျင်းပသည့် (၅)ကြိမ်မြောက် အရည်အသွေးပိုင်းဆိုင်ရာ ညီလာခံတွင်လည်း မိမိတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့်သတင်းအချက်အလက်များဖလှယ်ရန် အခွင့်အလမ်းများရမည်မှာ အသေအချာဖြစ်ကြောင်း၊ အရည်အသွေးဆိုင်ရာစီမံခန့်ခွဲမှုကို ပိုမိုအားကောင်းလာစေရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝ၍ ထိရောက်မှုရှိစေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာဆန်းသစ်တီထွင်မှုသည်လည်း အဓိကကျသည့်အရာတစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ဘဏ္ဍာရေးဆိုင်ရာ ဒစ်ဂျစ်တယ်စနစ်၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်ဘဏ္ဍာရေးနှင့် အရည်အသွေးမြင့်မားသည့် ဖွံ့ဖြိုးမှုကဏ္ဍများတွင် သိသာစွာတိုးတက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည်လည်း ဘဏ္ဍာရေးဆိုင်ရာ ဒစ်ဂျစ်တယ်စနစ်ကို အရှိန်မြှင့်တင်ခြင်းနှင့် အစိမ်းရောင်စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပမာအားဖြင့် လျှပ်စစ်ကားနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းတွင် အခွန်အခများ လျှော့ချခြင်းပါဝင်သည့် သက်သာခွင့်ပေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကာလတိုမူဝါဒအနေဖြင့် ၂၀၂၅ ခုနှစ်အထိ ပြည်ပမှ လျှပ်စစ်ကားတင်သွင်းမှုကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပိုမိုလေးနက်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်လာနိုင်ရန် မျှော်လင့်ကြောင်း။

**ကူညီပံ့ပိုးရန် မျှော်လင့်**

မြန်မာနိုင်ငံအနေဖြင့် အရည်အသွေးပြည့်ဝသည့် ကုန်ပစ္စည်းများနှင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ၏ အရေးပါမှုကို လက်ခံအသိအမှတ်ပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လက်ရှိတွင် ပြည်ပ၌ထုတ်လုပ်သည့် ကုန်ပစ္စည်းများမှတ်ပုံတင်ခြင်းကို ထိန်းချုပ်စစ်ဆေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကောက်ခွန်နှင့် ပို့ကုန်သွင်းကုန် အထွေထွေစီမံခန့်ခွဲမှုအဖွဲ့ (General Administration of Customs China – GACC)နှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ GACC မှ လည်း တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်နိုင်မည့်နည်းလမ်းများ လွယ်ကူချောမွေ့စေရေးကို ကူညီပံ့ပိုးရန် မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏အရည်အသွေးဆိုင်ရာ အာမခံချက်နှင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့် အစီအစဉ်ကို လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း။

**ဖြည့်စွက်ပြင်ဆင်မှုများပြုလုပ်ခဲ့**

ထို့ပြင် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ၂၀၁၂ (Myanmar National Building Code 2012) ကို ရေးဆွဲခဲ့ပြီး အဆောက်အအုံများ၏ အဆင့်အတန်း၊ မြို့ပြစီမံကိန်းရေးဆွဲမှု၊ စွမ်းအင်အားအကျိုးရှိစွာသုံးစွဲနိုင်ရန်နှင့် ပတ်ဝန်းကျင်နှင့် ဆီလျော်သည့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် ပြန်လည်ဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း။

ယခု နှစ်ရက်တာကျင်းပသည့်ညီလာခံတွင် ဆွေးနွေးမှုများမှ နိုင်ငံအချင်းချင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်လာနိုင်မည်ဖြစ်ပြီး၊ မူလမျှော်မှန်းထားသည်ထက် ကျော်လွန်၍ နက်ရှိုင်းသည့်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖိုရမ်ငယ်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက အရည်အသွေးပိုင်းဆိုင်ရာ ထိန်းချုပ်မှုစီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ အမြင်များဖလှယ်နိုင်ကြမည်ဖြစ်ပြီး မူဝါဒများအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အတွေ့အကြုံကောင်းများကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Zhang Guoqing၊ တရုတ်နိုင်ငံ၏ဈေးကွက်ထိန်းချုပ်စောင့်ကြည့်ရေးစီမံအုပ်ချုပ်ရေးဌာနဝန်ကြီး Mr. Luo Wen၊ စီချွမ်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Wan Xiaohhi၊ စီချွမ်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Huang Qiang၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ရေးအဖွဲ့နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အဓိကဖိုရမ် ခေါင်းစဉ် ရှစ်ခုဖြင့် ဖိုရမ်ငယ်များ၊ အမျိုးသားနည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် စီချွမ်စီးပွားရေးလုပ်ငန်းများအကြား အစည်းအဝေး (Matchmaking Meeting) များကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်




**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘန့်ဘားကျေးရွာအုပ်စု ဆိတ်ဖူးတောင်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်သည် ဆိတ်ဖူးတောင်ကျေးရွာရှိ သာသနာ့မဏ္ဍိရတနာကျောင်းတိုက်၌ ခရီးစဉ်တွင်လိုက်ပါလာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် အခြေအနေများ၊ ဘန့်ဘားကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများကို အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဘန့်ဘားကျေးရွာအုပ်စုရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ဆောင်ရွက်ပေးသည်။

ထို့ပြင် နေပြည်တော်ကုသရေးဦးစီးဌာနမှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဆိတ်ဖူးတောင်ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆိတ်ဖူးတောင်ကျေးရွာအတွင်း သွားလာရခက်ခဲသည့်နေရာများ၌ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် မြေနေရာကြည့်ရှုတိုင်းတာခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆိတ်ဖူးတောင်ကျေးရွာ၌ မွေးမြူထားရှိသည့် တိရစ္ဆာန်ကောင်ရေ အရေအတွက်အား မြေပြင်စာရင်းကောက်ယူခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။ **သတင်းစဉ်**

# မကြားလို လက်မခံလိုကြတော့ပြီ . . .

**ကိုရင်မောင်**

သတင်းဟူသည် လူတို့အတွက် အာဟာရတစ်မျိုးဖြစ်သည်။ သတင်းစာပညာအရ ကောင်းကျိုးလည်း သတင်း၊ ဆိုးပြစ်လည်း သတင်းဟုဆိုသည်။ လူတို့၏သဘာဝအရ ကောင်းသတင်းလည်းသိလို၊ မကောင်းသတင်းလည်း သိလိုကြသည်။ ကောင်းသတင်းအသိသည် လူတို့၏ ဦးနှောက်အသိဉာဏ်၊ တီထွင်ဖန်တီးဉာဏ်၊ ပညာဉာဏ်၊ ပိုင်းခြားချင့်ချိန်ဉာဏ်၊ အမြော်အမြင်ဉာဏ်တို့၏ အားတိုးဆေးဖြစ်သည်။ မကောင်းသတင်းအသိသည် ဆန့်ကျင်ဘက်အားများဖြစ်စေသည်။



တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်ဂ်မြို့၌ (၆)ကြိမ်မြောက် BRICS မီဒီယာဖိုရမ် ကျင်းပစဉ်။

### ဘက်လိုက်မှုရှိ

ယင်းစွမ်းအားနှစ်မျိုးအနက် တစ်မျိုးမျိုးကို မီဒီယာများက အသုံးပြုနေကြသည်။ မီဒီယာစွမ်းအားသည် အင်အားကြီးမားလှသည်။ မီဒီယာလောကတွင် လွတ်လပ်စွာရေးသားခွင့် (Freedom of Press) နှင့် လွတ်လပ်သော စာနယ်ဇင်း (Independent Press) တို့သည် အဓိပ္ပာယ်မတူပေ။ လွတ်လပ်စွာရေးသားခွင့်ဆိုသည်မှာ စာနယ်ဇင်းဆရာတို့သည် ချုပ်ချယ်မှုမရှိဘဲ မိမိတို့ယုံကြည်ချက်အတိုင်း လွတ်လပ်စွာ ရေးသားခွင့်ကိုဆိုလိုသည်။ လွတ်လပ်သောစာနယ်ဇင်းဆိုသည်မှာ သာမန်အားဖြင့် အစိုးရပိုင်မဟုတ်သော ပုဂ္ဂလိကပိုင်စာနယ်ဇင်းဟုဆိုသည်။ ပုဂ္ဂလိကပိုင်စာနယ်ဇင်းမှာ လွတ်လပ်သည်ဆိုသော်လည်း အတိုင်းအတာသည် ပိုင်ရှင်ပေါ်တွင် မူတည်ပြန်သည်။ ပိုင်ရှင်၏ မူဝါဒအတိုင်း ဘက်လိုက်မှုအနည်းအများရှိတတ်သည်။

### မီဒီယာလက်နက်

အမှန်တကယ်တွင် လွတ်လပ်သောစာနယ်ဇင်းသည် ဝါသနာလည်းပါ၊ ပါတီနိုင်ငံရေးနှင့်လည်းကင်း၊ လူထုအား အသိပညာပေးရန်၊ ပြုပြင်ရန် အားသန်ပြီး ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များ မတိမ်းစောင်းရလေအောင် ထိန်းကျောင်းပေးရန် ဦးတည်ပေးသော ပုဂ္ဂလိကပိုင်စာနယ်ဇင်းများကို လွတ်လပ်သောစာနယ်ဇင်းဟုခေါ်ဆိုနိုင်သည်။ သို့သော် လွတ်လပ်သည့်စာနယ်ဇင်းဟုဆိုသော အနောက်မီဒီယာများသည် အနောက်ကမ္ဘာမှ စတင်မြစ်ဖျားခံစဉ်ကတည်းက ပိုင်ရှင်ဖြစ်သည့်နိုင်ငံ၏ နိုင်ငံရေးမူဝါဒအရ ဘက်လိုက်မှုများ၊ နိုင်ငံရေးသွတ်သွင်းမှုများရှိခဲ့သည်။ မီဒီယာကို လက်နက်သဖွယ် အသုံးချမှုများရှိသည်။

### မီးလောင်ရာလေပင့်

မှတ်မိပါသေးသည်။ လွန်ခဲ့သည့် အနှစ် ၃၀ ကျော်၊ ဆိုရှယ်လစ်ခေတ်၊ ၁၉၈၈ ခုနှစ်မတိုင်မီကာလက ပြည်သူများကြားတွင် သတင်းသိပိုင်ခွင့် ကျယ်ကျယ်ပြန့်ပြန့် မရရှိခဲ့ကြပေ။ နိုင်ငံပိုင်ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများရှိသော်လည်း ပြည်သူများကြား သတင်းသိပိုင်ခွင့်ကို ပြည်ပအခြေစိုက် BBC၊ VOA၊ RFA စသည့် သတင်းဌာနများ၏ ထုတ်လွှင့်မှုများက လွှမ်းမိုးခဲ့သည်။ ဆိုရှယ်လစ်စနစ်တိုင်းပြည်တွင် အဘက်ဘက်၌ အကျပ်အတည်းဖြစ်နေချိန်တွင် အနောက်မီဒီယာများ၏ မီးလောင်ရာ လေပင့်ပေးမှုကြောင့် လူထုအုံကြွမှုဖြစ်ပေါ်လာပြီး ပြည်ထောင်စုကြီး ပြိုကွဲတော့မည်အထိ ဖြစ်ခဲ့ရသည်။

တိုင်းပြည်၏ ကံကြမ္မာကို ပြောင်းလဲသွားစေနိုင်အောင် အနောက်မီဒီယာသမားများက တွန်းအားပေးနိုင်ခဲ့သည်။ မျက်မှောက်ကာလတွင်လည်း နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကို ပြောင်းလဲသွားအောင် ကြိုးစားအားထုတ်နေကြသည့် အနောက်သတင်းသမားများ၊ အနောက်သတင်းဌာနများ ရှိနေဆဲဖြစ်သည်။ အနောက်ကမ္ဘာမှ မီဒီယာအရှုပ်တော်ပုံများကို ဖွင့်ထုတ်ပြမည်ဆိုပါက မဆုံးနိုင်အောင်ရှိသည်။ ဘော့ဝုဒ်ဝါဒန်နှင့် ကားဘာနက်စတိန်းတို့က ဝါးတားဂိတ်အရှုပ်တော်ပုံကို ဖွင့်ချခဲ့သောကြောင့် အစိုးရအပေါ် ပြည်သူတို့ အမြင်မရှင်းဖြစ်ခဲ့သည်။ စီအင်န်အင်န်သတင်းကို ၂၄ နာရီအစီအစဉ် စလိုက်သဖြင့် ပြည်သူများအပေါ် လွှမ်းမိုးနိုင်ခဲ့သည်။ အယ်လ်ဂျာဇီးယား သတင်းတင်ဆက်မှုတွင် ထင်မြင်သုံးသပ်ချက်များကြောင့် အာဏာပိုင်များ သက်တမ်းကုန်ခဲ့သည်။ တွစ်တာနှင့် ဖေ့စ်ဘွတ်ကဲ့သို့ လူမှုကွန်ရက်များက လူအများကို ဖမ်းစားနိုင်သောကြောင့် အာရပ်နွေဦးကဲ့သို့ လူထုအုံကြွမှုကို ဖန်တီးပေးနိုင်ခဲ့သည်။

### ဂယက်ရိုက်ခတ်

အနောက်မီဒီယာများ၏ စွမ်းပကားများမှာ ရာဇဝင်နှင့်ချီ၍ ကြီးမားခဲ့သည်။ မျက်မှောက်ကာလတွင်လည်း ဆိုဖွယ်ရာမရှိပြီ။ ၎င်းတို့အသိုင်းအဝိုင်းများ၏ကောင်းကြောင်းများကို ထုတ်ဖော်တင်ပြကြပြီး အားနည်းချက်များကို ဖုံးဖုံးဖိဖိတင်ပြတတ်သည်။ ဘက်လိုက်သည့် တင်ဆက်မှုများကို အမျိုးမျိုးအဖုံဖုံတင်ပြကြသည်။ လော့စ်အိန်ဂျယ်လိစ်တိုင်းသတင်းစာ အဆိုအရ ၎င်းတို့၏ တင်ဆက်မှုများသည် မူဝါဒမတူသောနိုင်ငံများကို ဆန့်ကျင်ပုတ်ခတ်ရုံမျှမက အဆိုပါနိုင်ငံများ၏ ပြည်သူများကိုပါ ထိခိုက်စေသည်ဟု ဆိုထားသည်။ ကမ္ဘာ့အင်အားကြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ အင်အားပြိုင်ဆိုင်မှုများမှ ဖြစ်ပေါ်လာသည့် မီဒီယာစီးကြောင်းတွင် အာရှဒေသအတွင်းမှ သီးခြားရပ်တည်နေသည့် နိုင်ငံများကိုပါ ဂယက်ရိုက်ခတ်ခဲ့သည်။

အနောက်ကမ္ဘာမှ မီဒီယာများ၏ သတင်းတင်ဆက်မှုသည် နိုင်ငံအများအပေါ် လွှမ်းမိုးခဲ့သည်။ တရုတ်နိုင်ငံ၏ အဖြစ်အပျက်များကို မနှစ်မြို့ဖွယ်ရာအဖြစ်ဖော်ပြကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေအနေကို သနားစရာနိုင်ငံအဖြစ် နှိမ့်ချဖော်ပြကြသည်။ အာဖရိကတိုက်သားများကို အများအမြင်တွင် စားစရာ၊ သောက်စရာ၊ နေစရာမရှိ ဆင်းရဲမွဲတေကြသည့်ပုံစံဖော်ပြကြပြီး အနောက်နိုင်ငံများ၏ အကူအညီ လိုအပ်နေကြောင်း ဖော်ပြကြသည်။ အမှန်တကယ်တွင် မြေပြင်အခြေအနေများမှာ တင်ပြခဲ့သည့် အခြေအနေများနှင့် ကွဲလွဲနေပြီး အမေရိကန်နှင့်ဥရောပတွင် အိမ်ခြေရာခြေမဲ့ဆင်းရဲမွဲတေနေသည့်အဖြစ်များကိုမူ မရှိသလို ဖျောက်ဖျက်ထားပြီး ဖော်ပြခြင်းလည်းမရှိကြပေ။

### အမြင်မှား အတွေးမှား

ဩဂုတ်လ ၁၉ ရက်နေ့က တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်ဂ်မြို့၌ (၆) ကြိမ်မြောက် BRICS မီဒီယာဖိုရမ်ကို ကျင်းပခဲ့သည်။ ဖိုရမ်သို့ နိုင်ငံပေါင်း ၃၀ မှ မီဒီယာကိုယ်စားလှယ် ၂၀၀ ကျော်တက်ရောက်ကြပြီး အနောက်မီဒီယာများ၏ ဝါဒဖြန့်မှုများနှင့် သာတူညီမျှ ဘက်မလိုက်သည့်အနာဂတ်ဖြစ်စေရေး ကြုံတွေ့နေရသည့် မီဒီယာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ဆွေးနွေးခဲ့ကြသည်။ အနောက်မီဒီယာများသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်တွင် မမှန်မကန်သတင်းများနှင့် ပုံကြီးချဲ့ကားသတင်းများကို အချိန်ကာလရှည်ကြာစွာ ထုတ်လွှင့်ဖော်ပြနေသည်။ ၎င်းတို့၏ သမာသမတ်မရှိ တစ်ဖက်စောင်းနင်းဖော်ပြသည့်သုံးသပ်ချက်များ၊ အကြောင်းအချက်များသည် ပြည်သူများအား အမြင်မှား၊ အတွေးမှားဖြစ်စေသည်။ ထိုသို့ဆောင်ရွက်မှုများကြောင့် နိုင်ငံငယ်များ၏ တိုးတက်မှုနှင့် အလားအလာကောင်းများကို ပိတ်ပင်တားဆီးသကဲ့သို့ အဟန့်အတားများဖြစ်စေသည်၊ အနောက်အုပ်စုမီဒီယာအဖွဲ့အစည်းများက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပေါ်များကြွယ်ဝသည့် ယဉ်ကျေးမှုတို့ကို သေးသိမ်အောင် ပြုလုပ်လေ့ရှိသည်၊ **စာမျက်နှာ ၇ သို့** ❑

**ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို ဖုံးကွယ်ပြီး အနုတ်လက္ခဏာဆောင်သည့် သတင်းများကိုသာ စွဲစွဲမြဲမြဲအသားပေးဖော်ပြနေသည်မှာ ကျင့်ဝတ်သိက္ခာ မစောင့်စည်းဘဲ အင်အားကြီးနိုင်ငံကြီးများ၏ အလိုကျ ဘက်လိုက်ဆောင်ရွက်နေခြင်းသာဖြစ်သည်။ ယခုကျင်းပခဲ့သည့် မီဒီယာဖိုရမ်မှ ပေါ်ထွက်လာသည့် စုပေါင်းထုတ်ဖော်ဆောင်ရွက်မှုများသည် ဖျက်လိုဖျက်ဆီးရည်ရွယ်ချက်များဖြင့် မီဒီယာကိုအသုံးချပြီး ကြိုးကိုင်ဆောင်ရွက်နေမှုများကို တွန်းလှန်ဖယ်ရှားနိုင်ရေးခြေလှမ်းဖြစ်သည်။ မီဒီယာကို လက်နက်သဖွယ် အသုံးချနေသည့် အန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုကဲ့သို့ တစ်စုတည်း၊ တစ်သံတည်း ထုတ်ဖော်ပြောဆိုသည့် ဖိုရမ်မှတစ်ဆင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မီဒီယာများ ပြန်လည်တုံ့ပြန်နိုင်ရန် အင်အားများဖြစ်စေသည်**

**ပြည်ပနိုင်ငံအခြေစိုက် လက်ဝေခံ၊ အလှူခံ၊ အထောက်ပံ့ခံ မြန်မာဘာသာအစီအစဉ် အမှုထမ်းများသည် မြန်မာနိုင်ငံသားများပင်ဖြစ်သည်။ မြန်မာအချင်းချင်း မြန်မာနိုင်ငံအပေါ်၊ မြန်မာနိုင်ငံသားများအပေါ် အမနာပ၊ မစားရဝခမန်း ဖျက်လိုဖျက်ဆီး ပြောဆိုနိုင်ကြသည်မှာ ရှက်ဖွယ်လိလိဖြစ်သည်။ ကိုယ့်မြန်မာနိုင်ငံနှင့် ကိုယ့်မြန်မာလူမျိုးအပေါ် မထောက်ထားဘဲ အနောက်နိုင်ငံအလိုကျ သွားပုပ်လေလွင့်၊ အပုပ်ချ အပြစ်တင်ပြောဆိုနေမှုများ၊ တစ်ဆိတ်ကိုတစ်အိတ်၊ အမှန်ကိုအမှား၊ ချဲ့ကားပြောဆိုနေမှုများမှာ ဩချလောက်စရာဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ခေတ်ဆန်းစာပေ၏ ရှေ့ဆောင်လမ်းပြ စာရေးဆရာ၊ သတင်းစာဆရာကြီး သိပ္ပံမောင်ဝ၏ ပြောစကားကို သတိရမိသည်။ "သတင်းစာဟာ တရားစာမဟုတ်မှန်း လူတိုင်းသိသပေါ့၊ ဒါပေမဲ့ အတင်းတွေ၊ အဖျင်းတွေကြားချင်ရင် ငါးစိမ်းတန်းကို သွားမှာပေါ့၊ ပိုက်ဆံတောင် မကုန်ဘူး။ သတင်းစာနဲ့ အဖျင်းစာကို မခွဲခြားတတ်တာ သတင်းစာဆရာတွေအစား ကျွန်တော်ဖြင့် ရှက်သဗျာ" ဟူ၍ဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ၂ရက်အထိကျင်းပလျက်ရှိသည့်(၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အိမ်ရှင်ထိုင်းနိုင်ငံမှ အားကစားနှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး H.E.Phiphat Ratchakitprakarn က အဖွင့်အမှာစကားပြောကြားပြီး ယခုကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး၊ ယခင်ကျင်းပပြီးစီးခဲ့သည့် (၅)ကြိမ်မြောက်နှင့် (၆)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၊ (၁၃)ကြိမ်မြောက်နှင့် (၁၄)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး၊ အခြားဆက်စပ်အစည်းအဝေးများနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တားမြစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ 6th SOMS+Japan နှင့် 4th AMMS+Japan အစည်းအဝေးများ၌ အားကစားကဏ္ဍ အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွင် ကာယပညာ ဆရာ၊ ဆရာမများနှင့် နည်းပြများ၊ အမျိုးသမီးများ အားကစားတွင် ပါဝင်လာမှုတိုးတက်လာစေရေး၊ မသန်စွမ်းသူများအတွက် အားကစားမြှင့်တင်ရေး၊ တားမြစ်ဆေးဝါးဆန့်ကျင်ရေးလှုပ်ရှားမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် အဖွဲ့ဝင်နိုင်ငံများကိုယ်စားတရုတ်နိုင်ငံကိုယ်စားလှယ်က ၎င်းတို့၏ အားကစားကဏ္ဍ အာဆီယံလုပ်ငန်းစီမံချက် ၂၀၂၁-၂၀၂၅ အောက်ရှိ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရိုးရာအားကစားနည်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးနှင့် အောင်မြင်မှုရရှိစေရေးတို့အတွက် လိုအပ်သည်များကို ထောက်ပံ့ကူညီဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ 1st AMMS + China အစည်းအဝေးဆွေးနွေးချက်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆိုပြုချက်များကို အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားမှတ်ချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ်များတွင် အိမ်ရှင်ဥက္ကဋ္ဌအဖြစ် ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပမည်ဖြစ်ကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုတင်ပြချက်များ၊ အထွေထွေတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

❑ စာမျက်နှာ ၆ မှ

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို မျက်ကွယ်ပြုပြီး နှစ်ပေါင်းရှည်ကြာစွာ ဖြစ်တည်နေသည့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာကောင်းများကို ပုံဖျက်ဖော်ပြတတ်သည်။ အာဖရိကနိုင်ငံများ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုအစဉ်အလာများ၊ ဘာသာစကားများ၏ လေးနက်မှုများကို ဖော်ပြခြင်းမရှိဘဲ ရှုထောင့်တစ်ခု အမြင်တစ်ခုဖြင့် ဖော်ပြကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် တီထွင်ဆန်းသစ်နိုင်စွမ်းမရှိဘဲ အနောက်နိုင်ငံများကိုသာ မှီခိုအားကိုးနေရသည့်အဖြစ် ပုံဖော်နေသည်။ နိုင်ငံငယ်များ၏ ကြိုးပမ်းအားထုတ်မှုကို မေးမှိန်ဖျောက်ဖျက်နေသည် စသဖြင့် ဆွေးနွေးခဲ့ကြသည်။

### တစ်ဖက်သတ်ပုံဖျက်

သာဓကအားဖြင့် အိန္ဒိယနိုင်ငံ၏ အာကာသခရီးစူးစမ်းလေ့လာမှု အောင်မြင်မှုရလာသည်ကို အိန္ဒိယနိုင်ငံသားများသာမက အခြားနိုင်ငံသားများက ဝမ်းမြောက်ဝမ်းသာဖြစ်နေမှုများကို တခမ်းတနားဖော်ပြနေကြသည့်အချိန်တွင် အနောက်နိုင်ငံမီဒီယာများက ဖော်ပြနေသည့် အခြေအနေများ၊ အလားတူ တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများ၊ တောင်အာဖရိကနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အစီအစဉ်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူသားချင်းစာနာထောက်ထားမှု စွမ်းဆောင်မှုများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူထုအကျိုးပြုဆောင်ရွက်ချက်များ စသည့် သတင်းကောင်းများကို ဖုံးကွယ်ပြီး ပဋိပက္ခ စသည့် မကောင်းသတင်းများကို အသားပေးဖော်ပြနေသည့် ၎င်းတို့နိုင်ငံရေးမူဝါဒအတိုင်း တစ်ဖက်သတ် ပုံဖျက်ဖော်ပြနေသော အခြေအနေများကို ဖွင့်ထုတ်ခဲ့ကြသည်။

### ကိုယ်ပိုင်စဉ်းစားဉာဏ်

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို ဖုံးကွယ်ပြီး အနုတ်လက္ခဏာဆောင်သည့် သတင်းများကိုသာ စွဲစွဲမြဲမြဲအသားပေးဖော်ပြနေသည်မှာ ကျင့်ဝတ်သိက္ခာ မစောင့်စည်းဘဲ အင်အားကြီးနိုင်ငံကြီးများ၏အလိုကျ ဘက်လိုက်ဆောင်ရွက်နေခြင်းသာဖြစ်သည်။ ယခုကျင်းပခဲ့သည့် မီဒီယာဖိုရမ်မှ ပေါ်ထွက်လာသည့် စုပေါင်းထုတ်ဖော် ဆောင်ရွက်မှုများသည် ဖျက်လိုဖျက်ဆီးရည်ရွယ်ချက်များဖြင့် မီဒီယာကို အသုံးချပြီး

**❝ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများသည် အနောက်မီဒီယာများ၏ အပြုသဘောမဆောင်၊ အကောင်းမမြင်သည့် သဘောထားများကို နားလည်လာကြပြီဖြစ်သည်။ နေ့စဉ်နှင့်အမျှ အနောက်လက်ဝေခံမီဒီယာများထုတ်လွှင့်နေသော မကောင်းသတင်း၊ ပုံကြီးချဲ့ကားထားသောသတင်း၊ အမနာပ အတင်းအဖျင်းသတင်း၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အပေါ် နှိမ်ချချိုးဖျက်ထားသောသတင်း၊ ပျက်စီးရာပျက်စီးကြောင်းသတင်း၊ အနောက်နိုင်ငံနှင့် လက်ဝေခံနိုင်ငံများကို အသားပေးသောသတင်း၊ အကြမ်းဖက်အဖျက်သမား အားပေးသောသတင်း၊ မြှောက်ပင့်ပေးသောသတင်း၊ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေသောသတင်း၊ တွေဝေစေသောသတင်း၊ စိုးရိမ်ပူပန်စေသောသတင်းများကို မကြားလိုကြတော့၊ လက်မခံလိုတော့ပါကြောင်း ❞**

ကြိုးကိုင်ဆောင်ရွက်နေမှုများကို တွန်းလှန်ဖယ်ရှားနိုင်ရေးခြေလှမ်းဖြစ်သည်။ မီဒီယာကို လက်နက်သဖွယ် အသုံးချနေသည့် အန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုကဲ့သို့ တစ်စုတည်း၊ တစ်သံတည်း ထုတ်ဖော်ပြောဆိုသည့် ဖိုရမ်မှတစ်ဆင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မီဒီယာများ ပြန်လည်တုံ့ပြန်နိုင်ရန် အင်အားများဖြစ်စေသည်။

အဆိုပါ မီဒီယာဖိုရမ်တွင် အဖွဲ့ဝင်မီဒီယာများအနေဖြင့် မိမိနိုင်ငံတိုးတက်ဖြစ်ထွန်းမှုများအပေါ် အာရုံစိုက်လုပ်ကိုင်ကြခြင်းဖြင့် အနောက်နိုင်ငံမီဒီယာများ၏ လွှမ်းမိုးမှု၊ နှောင့်ယှက်မှုများမှ ကျော်လွှားနိုင်မည်၊ ၎င်းတို့၏ တစ်ဖက်သတ်ဖော်ပြမှုများကြောင့် ဖုံးကွယ်နေသည့် ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အန်တုရင်ဆိုင်နိုင်မှုနှင့် အလားအလာကောင်းများကို ဖော်ထုတ်နိုင်မည်ဟု ထုတ်ဖော်ခဲ့ကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် အနောက်မီဒီယာများ၏ မူဝါဒမှာ အစဉ်အဆက် မကောင်းသတင်းများထုတ်လွှင့်၍ တိုင်းပြည်ပျက်စီးရေးလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ကောင်းသတင်းဆိုလျှင်လည်း သေးသိမ်အောင်၊ ပုံပျက်အောင် ပြောင်းပြန်လှန်မှောက်လုပ်ကြပြီး ယခုအခါ ယခင်ကထက်ပို၍ ပိုမိုအခြေအနေဆိုးရွားအောင် တင်ပြနေသည်ကို တွေ့ရမည်ဖြစ်သည်။ အနောက်နိုင်ငံကြီးများ၏ မူဝါဒ၊ အလိုကျ တစ်ထပ်တည်းကျ လုပ်ဆောင်လျက်ရှိရာ ဒီမိုကရေစီတန်ဖိုးထားသော၊ လွတ်လပ်သော စာနယ်ဇင်းမူဝါဒ၊ စာနယ်ဇင်းကျင့်ဝတ်တို့နှင့်မညီသည့် အဖျက်မီဒီယာများဟု ဆိုရမလိုဖြစ်သည်။

### အတင်းနှင့်အဖျင်း

ပြည်ပနိုင်ငံအခြေစိုက် လက်ဝေခံ၊ အလှူခံ၊ အထောက်ပံ့ခံ မြန်မာဘာသာအစီအစဉ် အမှုထမ်းများသည် မြန်မာနိုင်ငံသားများပင် ဖြစ်သည်။ မြန်မာအချင်းချင်း မြန်မာနိုင်ငံအပေါ်၊ မြန်မာနိုင်ငံသားများအပေါ် အမနာပ၊ မစားရဝခမန်း ဖျက်လိုဖျက်ဆီး ပြောဆိုနိုင်ကြသည်မှာ ရှက်ဖွယ်လိလိဖြစ်သည်။ ကိုယ့်မြန်မာနိုင်ငံနှင့် ကိုယ့်မြန်မာလူမျိုးအပေါ် မထောက်ထားဘဲ အနောက်နိုင်ငံအလိုကျ သွားပုပ်လေလွင့်၊ အပုပ်ချ အပြစ်တင်ပြောဆိုနေမှုများ၊ တစ်ဆိတ်ကိုတစ်အိတ်၊ အမှန်ကိုအမှား၊ ချဲ့ကားပြောဆိုနေမှုများမှာ ဩချလောက်စရာဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံခေတ်ဆန်းစာပေ၏ ရှေ့ဆောင်လမ်းပြ စာရေးဆရာ၊ သတင်းစာဆရာကြီး သိပ္ပံမောင်ဝ၏ ပြောစကားကို သတိရမိသည်။ "သတင်းစာဟာ တရားစာမဟုတ်မှန်း လူတိုင်းသိသပေါ့၊ ဒါပေမဲ့ အတင်းတွေ၊ အဖျင်းတွေ ကြားချင်ရင် ငါးစိမ်းတန်းကို သွားမှာပေါ့၊ ပိုက်ဆံတောင် မကုန်ဘူး။ သတင်းစာနဲ့ အဖျင်းစာကို မခွဲခြားတတ်တာ သတင်းစာဆရာတွေအစားကျွန်တော်ဖြင့် ရှက်သဗျာ"ဟူ၍ဖြစ်သည်။

### ရေးသားခြင်းမပြုရ

အနောက်နိုင်ငံများ၏ လက်ဝေခံမီဒီယာများသည် အနောက်နိုင်ငံများအလိုကျ မြန်မာနိုင်ငံသာမက ဝါဒမတူသောနိုင်ငံများ၊ နိုင်ငံငယ်များကိုပါ ပျက်စီးရာပျက်စီးကြောင်းကို တစိုက်မတ်မတ်ပြုလုပ်နေကြ၊ ပြုလုပ်နေဆဲဖြစ်သည်။ သတင်းစာကျင့်ဝတ်နှင့်ပတ်သက်၍ သတင်းစာဆရာကြီး ဂါးဒီးယန်းဦးစိန်ဝင်း ပြောကြားခဲ့သည့် "သတင်းစာဆရာတို့သည် အစိုးရနှင့် တိုင်းပြည်ကို ခွဲခြားနားလည်ထားဖို့လိုသည်။ အစိုးရဆိုသည်မှာ လူပုဂ္ဂိုလ်များဖြစ်၍ အစဉ်ပြောင်းလဲလျက်ရှိသည်။ တိုင်းပြည်ကား အစဉ်တည်တံ့လျက်ရှိသည်။ တိုင်းပြည်နှင့် လူထု အကျိုးမဲ့စေမည့် ကိစ္စမျိုးမည်သည့်အခါမျှ ရေးသားခြင်းမပြုရ။ အုပ်ချုပ်သောအစိုးရကို ကြောက်၍သော်လည်းကောင်း၊ ချစ်၍သော်လည်းကောင်း၊ မုန်း၍သော်လည်းကောင်း တိုင်းပြည်နှင့် လူထု အကျိုးမဲ့မည့် ကိစ္စများကို ရေးသားခြင်းမပြုရ" ဟူသောစကားသည် သတင်းသမားများ လိုက်နာအပ်သည့်အချက်ဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများသည် အနောက်မီဒီယာများ၏ အပြုသဘောမဆောင်၊ အကောင်းမမြင်သည့် သဘောထားများကို နားလည်လာကြပြီဖြစ်သည်။ နေ့စဉ်နှင့်အမျှ အနောက်လက်ဝေခံမီဒီယာများ ထုတ်လွှင့်နေသော မကောင်းသတင်း၊ ပုံကြီးချဲ့ကားထားသောသတင်း၊ အမနာပ အတင်းအဖျင်းသတင်း၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အပေါ် နှိမ်ချချိုးဖျက်ထားသောသတင်း၊ ပျက်စီးရာပျက်စီးကြောင်းသတင်း၊ အနောက်နိုင်ငံနှင့် လက်ဝေခံနိုင်ငံများကို အသားပေးသောသတင်း၊ အကြမ်းဖက် အဖျက်သမားအားပေးသောသတင်း၊ မြှောက်ပင့်ပေးသောသတင်း၊ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေသောသတင်း၊ တွေဝေစေသောသတင်း၊ စိုးရိမ်ပူပန်စေသော သတင်းများကို မကြားလိုကြတော့၊ လက်မခံလိုတော့ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆိုင်ကလုန်းမုန်တိုင်းမိုခါ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ လှည့်လည်ကြည့်ရှု

**စစ်တွေ စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ခရီးစဉ်တွင် လိုက်ပါလာသည့် သံတမန်အဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့ ညှော်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် သံတမန်အဖွဲ့ စစ်တွေမြို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ဖွင့်လှစ်ထားသည့် အခြေခံစက်ချုပ်သင်တန်းသို့ ရောက်ရှိစဉ်။

### မျက်မြင်တွေ့ရှိ လေ့လာနိုင်ရန်

ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ယခု သံတမန်ခရီးစဉ်သည် ရခိုင်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်းမိုခါ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိုပြန်လည်လက်ခံရန် မြန်မာအစိုးရ၏ လက်တွေ့ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေမှန်များကို မျက်မြင်တွေ့ရှိ လေ့လာနိုင်ရန်အတွက် စီစဉ်ခြင်းဖြစ်ပါကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းမိုခါ ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးနှင့် မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့်အခြေအနေ ဆောင်ရွက်ပေးရေးမူဝါဒတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတွင်လည်း စိစစ်ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို အလေးထား ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က ဆိုင်ကလုန်းမိုခါ ဘေးဒဏ်သင့်ဒေသများ၌ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင်ရေး တိုးတက်မှုအခြေအနေ မေ ၆ ရက်မှ ဇွန် ၃၀ ရက်အထိ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောနိုင်က ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူဇော်က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ MoU အရ မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### နိုင်ငံရေးဆန္ဒရှိစွာဖြင့် ဆောင်ရွက်ပေးနေမှု

ထို့နောက် ခရီးစဉ်တွင် လိုက်ပါလာကြသည့် သံတမန်များက ပြန်လည်ဆွေးနွေးရာတွင် မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို သိရှိရသည့်အပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေး အစီအမံများကိုမြန်မာနိုင်ငံမှ နိုင်ငံရေးဆန္ဒရှိစွာဖြင့် ဆောင်ရွက်ပေးနေမှုများကိုလည်း ကြားသိရသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါတုံ့ပြန်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပါကြောင်း ပြောကြားခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် သံတမန်အဖွဲ့ သဲချောင်းကျေးရွာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် သံတမန်အဖွဲ့ သက္ကယ်ပြင် IDP စခန်း၌ နေထိုင်သူများ၊ စခန်းတာဝန်ခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ မေယုလမ်းနှင့် ချင်းပျံလမ်းထောင့်ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ရောက်ရှိရာ ဘုရားကျောင်းမှ တာဝန်ရှိသူများက မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးစီမံကိန်းဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာပစ္စည်းများ တင်ဆောင်လာသည့် MERCURY FORCE သင်္ဘောပေါ်မှ ထောက်ပံ့ရေးပစ္စည်းများအား ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပို့ဆောင်မည့် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုကြကာ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်နှင့် သကျမုနိဘုရားသိမ်တော်ကြီးအား ရှေးမူမပျက်ပြန်လည်ပြုပြင်မှုအား ကြည့်ရှုလေ့လာကြသည်။

### ကြည့်ရှုလေ့လာ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ မတူကွဲပြားမှုများရှိသော်လည်း အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန်နှင့် ပြဿနာများကို အတူတကွ ပူးပေါင်းဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ(ဆင့်ပွား)သင်တန်းနှင့် စက်ချုပ်အတတ်ပညာဖြင့် လူမှုဘဝရပ်တည်နိုင်ရေးအတွက်ရည်ရွယ်၍ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းသို့ ရောက်ရှိပြီး သင်တန်းတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ဒေသခံတိုင်းရင်းသူများနှင့် IDP စခန်းများမှ အမျိုးသမီးများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေတက္ကသိုလ်၊ သဲချောင်းကျေးရွာနှင့် ဒါးပိုင်ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး သက္ကယ်ပြင် IDP စခန်း၌ စခန်းတွင် နေထိုင်သူများ၊ စခန်းတာဝန်ခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြား၍ သက္ကယ်ပြင်တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် သံတမန်အဖွဲ့သည် စစ်တွေဟိုတယ်၌ ပြည်နယ်ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဆီစက်မှထုတ်လုပ်သည့် စားဆီများ၏အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများဖြစ်စေရေး အလေးထားဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး အောင်လံမြို့သို့ ရောက်ရှိ၍ အောင်လံမြို့နယ် သမဝါယမအသင်းစုပိုင် ဆီစက်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဆီစက်မှ ထုတ်လုပ်သည့် စားဆီများ၏ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများဖြစ်စေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြား၍ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မူယာတောကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူဦးရေ ၂၅၃ ဦး အကျိုးပြုနိုင်မည့် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ၊ သမဝါယမအသင်းသားများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုတီးကုန်းမြို့နယ် အောင်နိုင်သစ္စာဆန်စက်သို့ ရောက်ရှိပြီး ပြည်ခရိုင်နှင့် နတ္တလင်းခရိုင်တို့ရှိ သဲကုန်းမြို့နယ် သမဝါယမအသင်း ၂၅ သင်းမှ အသင်းသားတောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့်ညီမျှသော တောင်သူများလိုအပ်သည့် မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးသွင်းအားစုများကို ထောက်ပံ့ပေးလျက်ရှိပြီး စိုက်ပျိုးရေရရှိရေးအတွက်လည်း ဆည်ရေသောက် စနစ်အပြင် ချောင်းပိတ်မြောင်းပိတ် ဆိုလာရေတင်စနစ်တို့ဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ အထွက်တိုးစပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် **နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း ချေးငွေများ၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် ချေးငွေများကို အချိန်မီ ပြန်လည်ပေးဆပ်နိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း** ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသော ပြည်ခရိုင်နှင့် နတ္တလင်းခရိုင်တို့မှ သမဝါယမအသင်းသား တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း အခက်အခဲများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းတည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ လေးရွာမှ လူဦးရေ ၁၂၀၀ ကျော် ဖြတ်သန်းသွားလာရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် စပါး၊ မတ်ပဲ ထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုလျက်ရှိသည့် ကျောင်းကုန်း-ကင်ပွန်းခြံ ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင် နှစ်ဖာလုံ ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လက်ပံတန်းမြို့နယ် ကန် ၁၀၀ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေး ကုန်ထုတ်သမဝါယမအသင်း၏ ရေတင်ဧရိယာ ၃၄၈ ဧက၌ ငါးမွေးမြူရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ သမဝါယမအသင်း ၂၀ ၏ အသင်းသားတောင်သူ ၁၀၀ နှင့်တွေ့ဆုံပြီး **နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း ချေးငွေများကို မိုးစပါးစိုက် သမဝါယမအသင်းသား တောင်သူများအနေဖြင့် အထွက်တိုးအောင် ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း အပြေအကြေပေးဆပ်ရန်၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် ချေးငွေများအား သီးနှံပေါ်ချိန်** ပြန်လည်ပေးဆပ်ကြရန် တိုက်တွန်းမှာကြားပြီး အသင်းသားတောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ဝန်ထမ်းသက်သာကုန်မျိုးစုံအရောင်းဆိုင်ဖွင့်လှစ်



**နေပြည်တော် စက်တင်ဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက် မြို့နယ် ၄၅ မြို့နယ်မှ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၂/၂၀၂၃) တက်ရောက်နေသော မြို့နယ်အင်ဂျင်နီယာ (တာဝန်ခံ)များနှင့် တွေ့ဆုံ၍ ယုံကြည်ချက်၊ ခံယူချက်ရှင်သန်ခိုင်မာ ထက်မြက်သော ဝန်ထမ်းကောင်းများဖြစ်စေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ရင်းစေတနာ ထက်သန်စွာ ဆောင်ရွက်ကြရေး၊ ပါတီနိုင်ငံရေးနှင့် အဂတိတရားကင်းရှင်းရေးတို့ကို မှာကြားသည်။

ယင်းနောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ဝန်ထမ်းသက်သာ ကုန်မျိုးစုံအရောင်းဆိုင် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ဝန်ထမ်းသက်သာကုန်မျိုးစုံအရောင်းဆိုင်မှ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲမျိုးစုံ၊ အာလူး၊ ငံပြာရည် စသည့် အခြေခံစားကုန်များ၊ ဆပ်ပြာမှုန့်၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေး၊ မျက်နှာသစ်ဆေး စသည့် လူသုံးကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများ စိတ်ချမ်းမြေ့စွာ ဝယ်ယူအားပေးလျက်ရှိပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျန်ဦးစီးဌာန သုံးခုတွင်လည်း ဝန်ထမ်းသက်သာဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းစားရိပ်သာတွင် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ ပညာရေးမိသားစု ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အစည်းအဝေးကျင်းပ

**ထန်းတပင် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပညာရေးမိသားစု ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အ.ထ.က(ထန်းတပင်) လှိုင်ရတနာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်သဘာပတိဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသာကျော်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်က အသင်းသားများ၏ စုဆောင်းငွေများ တိုးမြှင့်စုဆောင်းနိုင်ရေး၊ အသင်းသားများသို့ ထုတ်ချေးငွေများမြှင့်တင်နိုင်ရေး၊ အသင်းသားများ၏ လူမှုစီးပွားဘဝများမြှင့်တင်နိုင်ရေးဆောင်ရွက်ရာတွင် အသင်းသားများ၊ အမှုဆောင်များ၊ ဒါရိုက်တာများအနေဖြင့်လည်း မြို့နယ်သမဝါယမဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အသင်းရေရှည်တည်တံ့နိုင်ရေးကို ရှေးရှုဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးသမဝါယမအသင်း၏ အသင်းသား ၅၁၀ တို့၏ စုဆောင်းငွေအပေါ်အတိုးရငွေကျပ် ၇၅၈၈၅၈၀၀ ကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်က ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# မော်လမြိုင်မြို့၌ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအား ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့် အစီအစဉ်အား အသိပေးရှင်းလင်း

**မော်လမြိုင် စက်တင်ဘာ ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ နှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူး(ညွှန်ကြားရေးမှူး) ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားကာ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ နှင့် ပတ်သက်၍ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၇ ပါ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများအား အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှ ဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေခြင်း အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော လုပ်ငန်းရှင် အခွန်ထမ်းများက မရှင်းလင်းသည့် အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပုဂ္ဂလိက ဆေးရုံ/ဆေးခန်း လုပ်ငန်းရှင် ၇၄ ဦး၊ မွန်ပြည်နယ် ၁၀ မြို့နယ်မှ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# ဓာတ်မြေသြဇာလိုအပ်ချက်အား တိုးမြှင့်ဖြည့်ဆည်းနိုင်ရန်အတွက် နည်းပညာအခြေပြု၍ ကြိုးပမ်းအားထုတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

ဓာတ်မြေသြဇာလိုအပ်ချက်အား တိုးမြှင့်ဖြည့်ဆည်းနိုင်ရန်အတွက် နည်းပညာအခြေပြု၍ ကြိုးပမ်းအားထုတ်ခြင်း (Enhancing Fertilizer Production Capability Through Technology) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ တစ်ခုဖြစ်သည့် "တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"ဆိုသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသားများသည် ဆန်ကိုအဓိကထားစားသုံးကြသကဲ့သို့ ဆီစားသုံးမှုလည်း မြင့်မားကြပါကြောင်း၊ ဆန်စပါးထွက်ရှိမှုအနေဖြင့် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံပိုလျှံမှုရှိသော်လည်း စားသုံးဆီများကို ဝယ်ယူတင်သွင်းနေရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စပါးထွက်ရှိမှုနှင့် ဆီထွက်သီးနှံများထွက်ရှိမှုကို ပိုမိုမြင့်တက်နိုင်အောင် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ဆန်၊ ဆီ သာမကဘဲ အခြားစိုက်ပျိုးသီးနှံများကိုပါ ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးသီးနှံများ စိုက်ပျိုးကြရာတွင် စိုက်ဧကတိုးမြှင့်ရန်၊ သီးထပ်သီးညှပ်စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးသီးနှံများ တိုးမြှင့်ထွက်ရှိလာရန် လုပ်ဆောင်ရာတွင် အဓိကအားဖြင့် မြေ၊ ရေ၊ မျိုး၊စိုက်နည်းစနစ်နှင့် သွင်းအားစုများ ဖြစ်ပါကြောင်း၊ ယင်းတို့အနက်မှ ယနေ့တွင် သွင်းအားစုမြေသြဇာအကြောင်းကို ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြေသြဇာလုံလောက်စွာရရှိရေးအတွက် ဓာတ်မြေသြဇာများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ယနေ့အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများတွင် ကိုယ်စီတာဝန်များရှိကြသည့်အတွက် ဝိုင်းဝန်းဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသည်။



ထို့နောက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက သဘာဝဓာတ်ငွေ့နှင့် အခြားအရင်းအမြစ်များအသုံးပြု၍ ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်နိုင်မည့် နည်းစဉ်များကိုလည်းကောင်း၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်တစ်ဦးက Coalbed Methane မှ ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်နိုင်မှု အခြေအနေကို လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း) စက်ရုံမှူးက နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ထုတ်လုပ်သောဓာတ်မြေသြဇာများ၏ အရည်အသွေးအာမခံမှု ပို၍ကောင်းမွန်လာသည့်အပြင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေနိုင်သည့် ဘေးထွက်ဆိုးကျိုးများ လျှော့ချနိုင်မှုအခြေအနေကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာများ၏ လိုအပ်သည့် အရည်အသွေးများ၊ ကျောက်မီးသွေးအရင်းအမြစ်နှင့် အမျိုးအစား၊ နိုင်ငံအတွင်း ကျောက်မီးသွေးထုတ်လုပ်နိုင်မှု အခြေအနေနှင့် ကျောက်မီးသွေးမှ ဓာတ်မြေသြဇာထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ လိုက်နာရမည့် အချက်အလက်များနှင့် ဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြမှုများအပေါ် သိရှိလိုသည်များကို မေးမြန်းအကြံပြု ဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ဒုတိယဝန်ကြီး ဦးသန့်စင်က ဖြည့်စွက်ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာနှင့် တင်ပြရမည့် အထောက်အထားတို့ကို ဒေသဆိုင်ရာအေဂျင်စီများသို့ အသိပေးရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၁**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များအတွက် ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာနှင့် တင်ပြရမည့် အထောက်အထားတို့ကို ဒေသဆိုင်ရာအေဂျင်စီများသို့ အသိပေးရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း (မူကြမ်း) အား ပြုစုရေးဆွဲပြီးဖြစ်၍ အတည်ပြုထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ အေဂျင်စီများအနေဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဆိုင်ရာ အေဂျင်စီများအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

**မတည်ရန်ပုံငွေကျပ် ဘီလီယံ ၁၇၀**

ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် ဘီလီယံ ၁၇၀ ကို ထည့်ဝင်ပေးထားပြီး မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် စာရင်းဖွင့်လှစ်အပ်နှံဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊ မတည်ရန်ပုံငွေကျပ်ဘီလီယံ ၁၅၀ ကို MSME လုပ်ငန်းရှင်များသို့ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ကျန်ငွေကျပ်ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ MSME ချေးငွေလျှောက်ထားသည့် လုပ်ငန်းရှင်များအား ဦးစားပေးအလိုက် ချေးငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များမှ MSME ချေးငွေရယူထားခြင်းမရှိသည့် လုပ်ငန်းရှင်များကို ဦးစားပေးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘဏ်များမှ ချေးငွေရယူထားပြီး အကျေအလည် ပြန်လည်ပေးဆပ်ပြီးဖြစ်သည့် လုပ်ငန်းရှင်များကိုလည်း ထပ်မံထုတ်ချေးသွားမည်ဖြစ်ကြောင်း။



**ထုတ်ချေးပေးသွားမည်**

MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသဆိုင်ရာအေဂျင်စီများမှတစ်ဆင့် ချေးငွေများကို စတင်လျှောက်ထားနိုင်မည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်မှ ဦးစွာထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း၊ နောင်တွင် ပုဂ္ဂလိကဘဏ်များမှ ထုတ်ချေးပေးနိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ MSME အေဂျင်စီများအနေဖြင့် MSME လုပ်ငန်းရှင်များက သတ်မှတ်ပုံစံ Loan Application Form ဖြင့် ချေးငွေများကို လျှောက်ထားလာလျှင် သတ်မှတ်ထားသည့် Check List များနှင့် ပဏာမ တိုက်ဆိုင်စစ်ဆေးပြီး ကိုက်ညီမှုရှိပါက အမှုတွဲများကို မြန်မာ့စီးပွားရေးဘဏ်သို့ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်သည့် ရင်းနှီးမတည်ငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပြီး အမှန်တကယ် လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းရှင်များကို ထုတ်ချေးပေးသွားမည်ဖြစ်ပြီး လုပ်ငန်းရှင်များကလည်း သတ်မှတ်ချေးငွေကာလ စေ့ရောက်သည့်အချိန်တွင် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အေဂျင်စီကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က MSME ချေးငွေဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အဆိုပြုလွှာနှင့် တင်ပြရမည့် အထောက်အထားများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးပြောကြားပြီး ဆွေးနွေးချက်များနှင့်ပတ်သက်၍ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် မရှင်းလင်းသည့်အချက်များကို ပြန်လည်မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဖြေကြားဆွေးနွေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ ဦးဇေယျာလင်း၊ ဆက်စပ်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့မှ MSME အေဂျင်စီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက Virtual စနစ်ဖြင့် သတ်မှတ်နေရာများမှ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒေါက်တာသက်ခိုင်ဝင်း ဆေးဝါးစက်ရုံသမိုင်းပြခန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းတို့သည် စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ (အင်းစိန်) ဝင်းအတွင်း တည်ဆောက်ထားရှိသည့် ဆေးဝါးစက်ရုံသမိုင်းပြခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပြောကြား**

ဦးစွာ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ကျန်းမာရေးဝန်ကြီးဌာနသည် စက်မှုဝန်ကြီးဌာန၏ ထုတ်ကုန်များကို အဓိကသုံးစွဲသူ (Main Customer) ဖြစ်သည့်အတွက် ဆေးဝါးစက်ရုံ (အင်းစိန်)သို့ အထူးဖိတ်ကြား၍ ဆေးဝါးစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသခြင်းဖြစ်ကြောင်း၊ ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း (BPI Pharmaceutical Museum) ဖွင့်လှစ်ခြင်းဖြင့် BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်းသို့ လေ့လာရေးလာရောက်ကြည့်ရှုကြသည့် ပြည်သူများ၊ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား ဆေးဝါးများနှင့် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးနိုင်ခြင်းနှင့် သုတေသနလုပ်ငန်းများအတွက် အထောက်အကူပြုစေခြင်း၊ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍတွင် စက်ရုံ၏ ကြီးမားသောအစဉ်အလာနှင့် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ပညာရှင်များ၏ ဆောင်ရွက်ခဲ့မှုများကို လက်ရှိဝန်ထမ်းများအနေဖြင့် ဂုဏ်ယူတန်ဖိုးထားစိတ်များ ပေါ်ပေါက်လာ၍ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း၊ BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးဝါးတက္ကသိုလ်များအတွက် သုတေသနဆိုင်ရာ လေ့လာရေးပြခန်းတစ်ခု ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက BPI ဆေးဝါးစက်ရုံသမိုင်းပြခန်း (BPI Pharmaceutical Museum) တည်ဆောက်ခဲ့မှုနှင့် မြွေဆိပ်ဖြေဆေး အေးခဲခြောက်စက် (Freeze Dryer Machine) တပ်ဆင်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းလိုအပ်ချက်၏ ၂၅ ရာခိုင်နှုန်းကို စက်မှုဝန်ကြီးဌာနမှ ဝယ်ယူအသုံးပြုလျက်ရှိကြောင်း၊ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ဆေးဝါးများသည် အရည်အသွေး ကောင်းမွန်သည့်အပြင် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်၍ အဓိကဝယ်ယူ သုံးစွဲလျက်ရှိကြောင်း၊ ဆေးဝါးစက်ရုံများမှ ခေတ်မီ၍ အာနိသင်ပြည့်ဝသည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနရှိ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြခန်းအတွင်း၌ ယခင်က ပြည်သူလူထုအတွက် လိုအပ်သော ဆေးဝါးများ ထုတ်လုပ်ခဲ့သည့် စက်ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှု၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာန၊ ပဋိဇီဝထိုးဆေး ထုတ်လုပ်ရေးဌာန (CEP Plant) နှင့် ခေတ်မီသိုလှောင်ရုံ (ASRS Warehouse) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း နှစ်ပတ်လည် အခမ်းအနားကို ဆေးဝါးစက်ရုံ (အင်းစိန်)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းဆေးဝါးစက်ရုံများ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်ပမှ သွင်းကုန်အစားထိုးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေခြင်းနှင့် နိုင်ငံခြားငွေ သုံးစွဲမှုလျော့ကျစေခြင်းသာမက နိုင်ငံ၏ အသားတင်ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP) ကို မြှင့်တင်လာမည်ဖြစ်ပြီး ဆေးဝါးစက်ရုံများအတွက် လိုအပ်သည့် ထုပ်ပိုးပစ္စည်းများကို အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များမှ ထုတ်လုပ်ပေးခြင်းဖြင့် MSME များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်နေသော ဆေးဝါးများ ဖူလုံစေရေးအတွက်လည်း ဝိုင်းဝန်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌက အသင်း၏လုပ်ငန်းတာဝန်၊ အသင်းဝင်စက်ရုံများအနေဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ အသင်းဝင်စက်ရုံများ အချင်းချင်း လိုအပ်ချက်များကို အပြန်အလှန် ဖြည့်ဆည်းပေးနေမှု၊ နည်းပညာဖလှယ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ အသင်းဝင်စက်ရုံများ၏ တာဝန်ရှိသူများက လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လုပ်ငန်းအကောင်အထည်ဖော်မှု အစီရင်ခံစာကို အသင်း၏ဘဏ္ဍာရေးမှူးက ဖတ်ကြားခြင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအား တက်ရောက်လာသူများက အသေးစိတ်ဆွေးနွေး၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းများဆောင်ရွက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာနဝင်းအတွင်း တည်ဆောက်ထားရှိသည့် မူလဓာတ်ခွဲခန်းသို့ ရောက်ရှိပြီး မူလဓာတ်ခွဲခန်းတွင် စက်များတပ်ဆင်ပြီးစီးမှုနှင့် တပ်ဆင်ရန်ကျန်ရှိနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာနသို့ရောက်ရှိပြီး သုတေသနလုပ်ငန်းများကို အစီအမံများချမှတ်ဆောင်ရွက်ရန်၊ MSME ထုတ်ကုန်များနှင့်ပတ်သက်၍ လိုအပ်ချက်များနှင့် အကြံဉာဏ်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ နိုင်ငံတော်ဝန်ကြီးချုပ်မှ ဆေးဝါးစက်ရုံများအနေဖြင့် အစွမ်းထက်ဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ဆေးဝါးသုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားသဖြင့် အလေးထား လိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကျွမ်းကျင်မှု“စံ”ရေးဆွဲနည်းသင်တန်းဖွင့်ပွဲ တက်ရောက်ပြီး အနော်ရထာစက်မှုဇုန်ရှိ စက်ရုံ သုံးရုံ ကြည့်ရှုအားပေး



**ရန်ကုန် စက်တင်ဘာ ၁**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်သမားရေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးဦးစီးမှူးများ၊ နယ်မြေတာဝန်ခံများနှင့်အတူ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) ၌ ကျွမ်းကျင်မှု “စံ” ရေးဆွဲနည်းသင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် အနော်ရထာစက်မှုဇုန်ရှိ CMP စနစ်ဖြင့် လုပ်ကိုင်သော အထည်ချုပ်စက်ရုံများဖြစ်သည့် Eternal Fashion Co.,Ltd၊ Dong Long (Myanmar) Garnment Co.,Ltd နှင့် ဖိနပ်စက်ရုံဖြစ်သည့် Tsang Yih Co., Ltd စက်ရုံများသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက CMP လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်ပြီး မြန်မာလုပ်သားထု အထူးသဖြင့် မြန်မာအမျိုးသမီးများအတွက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်၍ မိသားစုလူနေမှုဘဝများမြင့်မားစေရေး ဂုဏ်သိက္ခာရှိသော အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းသည် ပြည်ပမှအလုပ်အပ်နှံသူများနှင့် ပြည်တွင်းအထည်ချုပ်စက်ရုံများအကြား အထည်ချုပ်လုပ်သားများ၏ မြင့်မားသောစွမ်းဆောင်ရည်ကို သက်သေပြနေသည့်လုပ်ငန်းဖြစ်ကြောင်း။

**စိစစ်ခွင့်ပြုပေးလျက်ရှိ**

နိုင်ငံတော်အတွက် ရေတိုရေရှည် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးလုပ်ငန်းဖြစ်ခြင်းကြောင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် CMP လုပ်ငန်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ အလားတူ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါထိခိုက်ခံစားမှု လျော့နည်းကျဆင်းလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားတိုးတက်စေရေး များစွာအထောက်အကူပြုနိုင်မည်ဖြစ်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ စနစ်တကျဖွဲ့စည်းဆောင်ရွက်ရန်၊ စက်ရုံအတွင်း အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းပြီး လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရေး အလုပ်ရှင်နှင့်စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ ကောင်းစွာသိရှိခံစားနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ်၍ အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ရန်လိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးဌေးတင်က ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများ၊ မွေးထုတ်ပေးလျက်ရှိသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံတကာတက္ကသိုလ်များနှင့်ချိတ်ဆက်၍ student exchange program ဖြင့် သင်တန်းသား သင်တန်းသူများစေလွှတ်နေမှု၊ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ကျောင်းသားရေးရာ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေရန် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးကိစ္စများအထူးသတိပြုရန်နှင့် သင်တန်းပြီးမြောက်အောင်မြင်သည့် ကျောင်းသား ကျောင်းသူများကို နိုင်ငံ့ဝန်ထမ်းများအဖြစ်ခန့်အပ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းတို့က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## အချိန်တိုအတွင်း သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုရလဒ်ကောင်းများရရှိအောင် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်း အမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်ဦးဆောင်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ ဖြစ်စေရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်စေရန် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့် အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ဒေသကြီးကြပ်ရေးအဖွဲ့များအနေဖြင့် အလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ ပြည့်စုံညီညွတ်မှန်ကန်စေရေး ဆောင်ရွက်ခဲ့သည့် ကိုးလတာကာလအတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့ အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခု၌ မြေပြင်ကွင်းဆင်းစစ်ဆေးမှု (၁၃) ကြိမ် ဆောင်ရွက်ခဲ့ပြီး လမ်းပိုင်းနေရာ ၅၀ ၌ Road Safety Audit ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်တွင် အများစုလွဲမှားလေ့ရှိသည့် အချက် ၁၉ ချက်ကို အမြန်ဆုံးပြန်လည်ပြင်ဆင်ရမည့် အနိမ့်ဆုံးအခြေခံသတ်မှတ်ချက်များအဖြစ် သတ်မှတ်ဖော်ထုတ် ဖြန့်ဝေထားပြီးဖြစ်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသကြီးကြပ်ရေးအဖွဲ့များအနေဖြင့် အလေးထား အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ထို့ပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် Road Safety Audit ကွင်းဆင်း စစ်ဆေးသုံးသပ်မှုများကို အခါအားလျော်စွာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထပ်မံဖော်ထုတ်တွေ့ရှိချက်များကိုလည်း ဆက်လက်၍ ဒေသကြီးကြပ်ရေး အဖွဲ့များသို့ ဖြန့်ဝေအကြောင်းကြားသွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်အထိ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များအလိုက် Road Safety Audit ဆောင်ရွက်မှု စုစုပေါင်း ၂၆၀၆ ကြိမ်ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းညွှန်း ၁၈၀၀၈ ခု၊ အလျားလိုက်မျဉ်းအမှတ်အသား ၁၁၄၅ မိုင် ၄ ဖာလုံ၊ ကန့်လန့်ဖြတ်မျဉ်း အမှတ်အသား ၆၈၃ ခု၊ အခြားလမ်းအမှတ်အသား ၇၅၃၉ ခုနှင့် အချက်ပြ ၆၃၅ ခု ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း၊ အသစ်ဆောင်ရွက်မှုများအနေဖြင့် လမ်းညွှန်း ၁၄၅၉၀၊ အလျားလိုက်မျဉ်းအမှတ်အသား ၈၇၁ မိုင် ၇ ဖာလုံ၊ ကန့်လန့်ဖြတ်မျဉ်းအမှတ်အသား ၁၃၈၁ ခု၊ အခြားလမ်းအမှတ်အသား ၄၃၂၃ ခုနှင့် အချက်ပြ ၁၄၃ ခု ထပ်မံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒေသတစ်ခုချင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ်သုံးသပ်ပါက အလေးထားကြိုးပမ်း ဆောင်ရွက်ကြသော်လည်း တိုင်းဒေသကြီး /ပြည်နယ်အသီးသီးတွင် အားနည်းချက်၊ လိုအပ်ချက်အချို့ ရှိနေသေးသည်ကို စိစစ်တွေ့ရှိရကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် အားနည်းချက်/ လိုအပ်ချက်များအပေါ်၌ ယခုထက် ပိုမိုအားထုတ်အရှိန်အဟုန်မြှင့် ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ ယခုလုပ်ငန်းစဉ်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် ဖြစ်သည့်အပြင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ (NRSC) ၏ ရည်မှန်းချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် လုပ်ငန်းစဉ်လည်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထက် ယခုဘဏ္ဍာနှစ်၌ ပိုမိုအားစိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ခွင့်ပြုဘဏ္ဍာငွေများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများ ပြည့်စုံမှန်ကန်စွာ အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဗဟိုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်များအားလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူးကြီးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၌ လမ်းအန္တရာယ်ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်း၏ အခန်းကဏ္ဍအပေါ် လေ့လာ တင်ပြချက်များကိုလည်းကောင်း PowerPoint Presentation ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန်များနှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြပြီး ဒေသအလိုက် လမ်းပိုင်းအားလုံး၌ သတ်မှတ်ညွှန်ကြားချက်နှင့် အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံညီညွတ်မှန်ကန်ရေး၊ ဒေသအလိုက် ဦးစားပေး လုပ်ငန်းစဉ်များကို ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အချိန်တိုအတွင်း သိသာထင်ရှားသည့် တိုးတက် အောင်မြင်မှုရလာဒ်ကောင်းများ ရရှိရေးတို့အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်ချမှတ်ခဲ့ကြသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံညီညွတ် မှန်ကန်ရေး လုပ်ငန်းစဉ်များသည် ပြည်သူအများစု၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကို အဓိက အထောက်အကူပြုလျက်ရှိသည့်အပြင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောင်းမွန်သည့် လူမှုပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးခြင်းလည်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်စည်းမျဉ်းများကို အပြည့်အဝ လိုက်နာဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ




နေပြည်တော် စက်တင်ဘာ ၁

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်စည်းမျဉ်းများ အပြည့်အဝ လိုက်နာဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ၊ ပုဂ္ဂလိက ဘဏ်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ တက်ရောက်ခဲ့ကြသည်။

**မှာကြား**

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်သည့်နေ့တွင် ပုဂ္ဂလိကဘဏ်များအားလုံး၏ ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်များ အားလုံးနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏စီးပွားရေးတိုးတက်ရန်အတွက် ဘဏ်လုပ်ငန်းကဏ္ဍစနစ်တကျဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ရန်အချက်များကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းကဏ္ဍတည်တည်ငြိမ်ငြိမ်ဖြင့် ဖွံ့ဖြိုးရေးနှင့် ငွေအပ်နှံသူများ၏ အကျိုးစီးပွားများကာကွယ်နိုင်ရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဘဏ်များအားလုံး စည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များ လိုက်နာမှု အခြေအနေနှင့်စပ်လျဉ်း၍ ဘဏ်များရယူထားသည့် Risk-taking Level ၊ တိုင်းပြည်၏ မေခရို စီးပွားရေးအခြေအနေ၊ ပြင်ပသက်ရောက်မှုများ၊ ချေးငွေဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်း၍ ဘဏ်များတွင် ပြင်ဆင်ဆောင်ရွက်ထားရမည့် ဘဏ်တွင်းကြီးကြပ်ကွပ်ကဲမှု အခြေအနေ၊ လက်တွေ့အကောင်အထည်ဖော်နေသည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအခြေအနေများ စသည့်အဘက်ဘက်မှ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးခဲ့ရသည်များ ရှိပါကြောင်း။

ဘဏ်လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများကို ယခုလို အစည်းအဝေးများတွင် ပွင့်လင်းလွတ်လပ်စွာ ဆွေးနွေးနိုင်ပြီး ပြည်သူများထံ မှန်ကန်သည့် သတင်းအချက်အလက်များစီးဆင်းနိုင်ရန်နှင့် လုပ်ငန်းတိုးတက်ဖွံ့ဖြိုးမှုလိုအပ်ကြောင်း၊ အသိနှင့်သတိယှဉ်ပြီး လုပ်ငန်းဆောင်ရွက်ရန်နှင့် လုပ်ငန်းဖွံ့ဖြိုးမှုနှင့်စည်းမျဉ်းစည်းကမ်းလိုက်နာမှုအပိုင်းကို မျှတအောင် ဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်း၊ ဘဏ်များ၏ Risk Management Team နှင့် ဘဏ်၏ Senior Management အဖွဲ့များ ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းမျဉ်းညွှန်ကြားချက်များ လိုက်နာနေမှု အခြေအနေကို ဗဟိုဘဏ်၏ သက်ဆိုင်ရာဌာနများက စဉ်ဆက်မပြတ် စောင့်ကြည့်ကြပ်မတ်လျက်ရှိပါကြောင်း၊ SMEs လုပ်ငန်းများအပါအဝင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ငွေကြေးပံ့ပိုးရေးကို အလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဘဏ်များ၏ ကြိုးစားအားထုတ်မှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ဗဟိုဘဏ်က ဘဏ်များအားလုံး စည်းမျဉ်းစည်းကမ်းနှင့် လိုက်နာဆောင်ရွက်ရန် တွန်းအားပေးနေခြင်းသည် ဘဏ်စနစ်တည်ငြိမ်ခိုင်မာရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဈေးကွက်အခြေအနေပေါ်မူတည်ပြီး Business Strategy ပြင်ဆင်ဆောင်ရွက်ရန်၊ နိုင်ငံခြားငွေကိစ္စရပ်များကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုများကို Monitoring အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဗဟိုဘဏ်၏စည်းမျဉ်းစည်းကမ်းအားလုံးကို အပြည့်အဝ ဆက်လက်လိုက်နာသွားရန် မှာကြားလိုကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

**ဆွေးနွေး**

ယင်းနောက် တက်ရောက်လာသည့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များက သက်ဆိုင်ရာဘဏ်အလိုက် ဆောင်ရွက်လျက်ရှိသည့် တိုးတက်မှုအခြေအနေများ ဆွေးနွေးတင်ပြရာ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ကောင်းမွန်သည့် ဘဏ်စနစ်ဖြစ်ပေါ်ပြီး တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်များအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ဘဏ်များ၏ လိုအပ်ချက်အပေါ်မူတည်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဘဏ်များအနေဖြင့် စည်းကမ်းတကျလိုက်ပါ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်း ရေရှည်ဖွံ့ဖြိုးစေရန်အတွက် တိုးတက်ကောင်းမွန်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် Risk Management ကို ဟန်ချက်ညီစွာပေါင်းစပ်ဆောင်ရွက်ပြီး ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော် မဒန်းဆည်ရေသောက်စနစ် စနစ်ကျလယ်ယာမြေ ဧက ၅၅၀ ကို ရေကူပေးနိုင်မည့် ရှုံးပင်ချောင်းယာယီရေထိန်းဆည်တည်ဆောက်ရန် လျာထားသည့်နေရာအား ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက လယ်ဝေးမြို့နယ် ရေအိုးစဉ်ကျေးရွာ ချောင်းမငယ်ဆည်ရေသောက်စနစ် လက်တံမြောင်း(၁၂) ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာ သုတေသနလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကွက်ဆင့်သောက်လယ်ယာမြေ ဧက ၄၀၀ ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်တောင်သူများနှင့် တွေ့ဆုံ၍ ပြောင်းလဲလာသော ရာသီဥတုအခြေအနေများကြောင့် မိုးရွာသွန်းမှုလျော့နည်းကာ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုများ လျော့နည်းလျက်ရှိသဖြင့် စိုက်ပျိုးရေကို ချွေတာသုံးစွဲကြရန် လိုကြောင်း၊ တောင်သူများ စိုက်ပျိုးသည့် သီးနှံတူညီအောင် အချင်းချင်းဆောင်ရွက်၍ သက်တမ်းတို စပါးမျိုးများ စိုက်ပျိုးရန်လိုကြောင်း ပြောကြားသည်။

အဆိုပါ ကွက်ဆင့်သောက် လယ်ယာမြေဧက ၄၀၀ တွင် လယ်ကြားမြောင်းအသစ်များ တူးဖော်ခဲ့ခြင်း၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ပြီး ရေနုတ်မြောင်းအတွင်းမှ ရေကိုပြန်လည်အသုံးပြုနိုင်ခြင်း၊ ရေအသုံးချသူအဖွဲ့များဖြင့် ရေကို စနစ်တကျ ရယူနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် မူလရေယူရခက်ခဲသည့် နေရာများတွင် ရေကိုအဆင်ပြေစွာ ရယူလာနိုင်သဖြင့် ရေစီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုအောင်မြင်လာခဲ့ကြောင်း၊ အဆိုပါ ချောင်းမငယ် ဆည်ရေသောက်စနစ်ရှိ လက်တံမြောင်း(၆)မှ လက်တံမြောင်း (၁၃)အထိ မိုးစပါးရေပေးရာသီတွင် ချောင်းမငယ်တမံမှ ရေပေးဝေခြင်းမဟုတ်ဘဲ ရအောင်းချောင်းမှတစ်ဆင့် ဆင်အုံကန်အတွင်း စီးဝင်သည့်ရေများကို အလဟဿမဖြစ်စေရန် ဆင်အုံကန်အတွင်း သိုလှောင်ထိန်းညှိစေပြီး ရေပေးဝေခြင်းဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မဒန်းဆည်ရေသောက်စနစ် သဲကောကြီး စနစ်ကျလယ်ယာမြေ ဧက ၅၅၀ ကို ရေကူပေးနိုင်မည့် ရှုံးပင်ချောင်းယာယီရေထိန်းဆည်တည်ဆောက်ရန် လျာထားသည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး မဒန်းဆည်ရေသောက်စနစ်ရှိရေပေးဝေမှုများနှင့် စနစ်ကျလယ်ယာမြေ ဧက ၅၀၀ မိုးစပါး စိုက်ပျိုးရေပေးဝေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောမြို့နယ်၌ ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းလုပ်ငန်းသင်တန်း ဖွင့်လှစ်



ကလော စက်တင်ဘာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု လက်ပံပင်ကျေးရွာတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းပါ ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု ဝင်ငွေတိုးရေးဆောင်ရွက်မည့် ထောပတ်သီးအခြေခံတန်ဖိုးမြှင့်ထုတ်ကုန် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လက်ပံပင်ကျေးရွာ SMU ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

**သင်ထောက်ကူပစ္စည်းများပေးအပ်**

ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းတွင် လက်ပံပင်ကျေးရွာအတွင်းရှိ ကျေးရွာနေဒေသခံသင်တန်းသား ၁၅ ဦးကို ပထမအကြိမ် သင်တန်းကာလ ခုနစ်ရက်နှင့် ဒုတိယအကြိမ်မွန်းမံသင်တန်း ငါးရက်ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းများ ဆောင်ရွက်ကြသည်။ ထို့ပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီး အမှူးပြုသည့် အလှူရှင်များက ငွေကျပ်သိန်း ၂၄၀၀ လှူဒါန်းမှုအပါအဝင် အခြားသော ဘုရားဖူးလာသူများက ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် သက်ကြီးဘိုးဘွားများအား အဆင်ပြေစွာ ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ပြည်သူများ အသက်သာဆုံးဖြစ်စေရေးအတွက် ဝင်ရောက်သူအားလုံး အခမဲ့ဝင်ရောက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၄ ရက်မှစတင်၍ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ချိန်တွင် ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့်နှုန်းထားများဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ရပ်နားသည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ်နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**





## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေးသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ စက်ယာဉ်ယန္တရားများဖြင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က တက္ကသိုလ်ကျောင်းဝင်းအတွင်း ရေဝပ်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများအတွင်း အမှိုက်များနှင့် နုန်းများဆယ်ယူပြီး စနစ်တကျစွန့်ပစ်ရန်၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် ဆက်သွယ်ရေးကြိုးများအား အန္တရာယ်ကင်းရှင်းစွာ စနစ်တကျထားရှိရန်၊ ကျောင်းဝင်းအတွင်း အလင်းရောင်ကောင်းစွာရရှိရန် အုပ်မိုးသစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရန်နှင့် တက္ကသိုလ်ပရိဝုဏ်အတွင်း ပန်းအလှပင်များ ဝေဝေဆာဆာ စိုက်ပျိုးထားရှိရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၊ အင်ဂျင်နီယာဌာန(ရေစီးရေလာ)နှင့် ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနတို့မှ ဝန်ထမ်းများက စက်ယာဉ်ယန္တရားကြီးများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ

**မော်လမြိုင် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဆိုင်းဘုတ်ကို စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (မော်လမြိုင်)ရုံးရှေ့နှင့် မြိုင်သာယာ ဟသ်ာအဝိုင်း မိန်းလမ်းမတို့၌ အမှတ်(၉)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မော်လမြိုင်) ရဲမှူးမိုးဦးနှင့် တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက စိုက်ထူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအုပ်စုအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအုပ်စုအတွင်းရှိ ဇီးဒဘန်ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ တစ်ဦး သေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၁**


ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာအုပ်စု ဇီးဒဘန်ကျေးရွာအတွင်းသို့ TNLA အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာ ကျေးရွာအုပ်စု၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လာလမ်းအတိုင်း ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း၊ ၎င်းတို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာအုပ်စုအတွင်းရှိ ဇီးဒဘန်ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ကာ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကွတ်ခိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာ တစ်ဝိုက်နှင့် နမ့်ဖတ်ကာကျေးရွာအုပ်စုအတွင်း လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအုပ်စုအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဇီးဒဘန်ကျေးရွာအတွင်း လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှု ဖြစ်စဉ်နေရာပြပုံ




## ယင်းမာပင်မြို့၌ စာဖတ်ဝိုင်းကျင်းပ

**ယင်းမာပင် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့၌ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းနှင့်ပူးပေါင်း၍ စာရေးဆရာ လယ်တွင်းသားစောချစ်၏ "ပန်းမြိုင်လယ်ကဥယျာဉ်မှူး" စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသန့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဝင်းက စာဖတ်ဝိုင်းများ ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးကို ဆွေးနွေးခဲ့သည်။

### အပြန်အလှန်ဆွေးနွေး

ဆက်လက်၍ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် ဦးမျိုးမင်းဦးက ပန်းမြိုင်လယ်က ဥယျာဉ်မှူးစာအုပ်တွင်ပါရှိသည့် အကြောင်းအရာများမှ အတ္တမဆန်ဖို့၊ သဘောထားကြီးဖို့နှင့် ဆရာများ၏ တပည့်များအပေါ် ချစ်ခြင်းမေတ္တာကြီးမားပုံ၊ ဦးဇင်မင်းဌေးက မိဘဆရာများသည် ကလေးငယ်များကို ဗိသုကာများကဲ့သို့ ဖယောင်း၊ အိုးများပုံသွင်းသလို ပုံသွင်းယူရမည်၊ အတ္တမာနမထားဘဲ စည်းစည်းလုံးလုံးနှင့် လုပ်ငန်းများဆောင်ရွက်ပါက အောင်မြင်နိုင်မည်၊ ဒေါ်မိုးမိုးမြင့်အေးက ဆရာသမား၏ တပည့်များအပေါ်ထားရှိသည့် မေတ္တာတရားတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများကလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Kay Khaing Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပန်းတော်ဆက်ကျေးရွာနေ ကေခိုင်စိုး(ခ)မဲလုံးအား နံနက် ၁၁ နာရီတွင် လည်းကောင်း၊ "U Tin Lin Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပျော်ဘွယ်မြို့နယ် ကွေ့ကြီးကျေးရွာနေ တင်လင်းအောင်အား ည ၁၀ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၉-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၀ | ၂၃၁၅ | ၂၂၉၅ | ၂၃၉၀ | ၂၄၁၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၅၈၀ | ၃၃၁၅ |
| 95 Ron | ၂၃၇၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၅ | ၂၅၀၀ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၇၃၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၅၀ | ၂၂၂၆ |
| 95 Ron | ၂၂၅၇ | ၂၃၃၅ |
| HSD (500 ppm) | ၂၂၉၇ | ၂၃၇၃ |
| HSD (50 ppm) | ၂၃၇၁ | ၂၄၄၈ |
| HSD (10 ppm) | ၂၃၇၁ | ၂၄၄၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၃၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၃၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၂၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# တိုင်းဒေသကြီးဝန်ကြီးချုပ် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးနေမှုများ ကြည့်ရှုအားပေး

ပုသိမ် စက်တင်ဘာ ၁

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက အင်္ဂပူမြို့နယ် ဘုရားကွင်းကျေးရွာအုပ်စု၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး စာရင်းများပြည့်စုံမှန်ကန်စေရေး စနစ်တကျဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြန်အောင်မြို့နယ်ဦးစီးမှူးရုံးမှ မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုများအားကြည့်ရှုစစ်ဆေးခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြန်အောင်မြို့နယ် ကန်စွန်းခုံကျေးရွာအုပ်စုသို့ ရောက်ရှိပြီး မိုးကြိုနေကြာ ဆင်းရွှေကြာ -၂ ရိတ်သိမ်းပြီး၍ မျိုးသန့် ရွေးချယ်ထားရှိမှုအား ကြည့်ရှုခဲ့သည်။ ထို့နောက် တောင်သူ ဦးရန်အေး၏စိုက်ကေနစ်ဧကတွင် Super Sun(41) မိုးနေကြာမျိုးစေ့များ စုပေါင်းစိုက်ပျိုးပေးပြီး နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်အောင်မြို့ သဘာဝမီးစက်လမ်းရှိ "ကောင်းသန့်" ဆီစက်သို့သွားရောက်ခဲ့ပြီး မြေပဲ၊ နေကြာဆီများ သန့်စင်ကြိတ်ခွဲထုတ်လုပ်မှု၊ ရောင်းဝယ်နေမှုများကို လိုက်လံကြည့်ရှုကာ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီများထုတ်လုပ်နိုင်ရေးနှင့် အဆင့်မီဆီကြိတ်စက်များနှင့် နေကြာဆီများ ပိုမိုထုတ်လုပ်နိုင်ရေး မှာကြားခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား / အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



မုံရွာ စက်တင်ဘာ ၁

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

## ကြည့်ရှုအားပေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဝက်လက်မြို့နယ်အသင်းနှင့် စစ်ကိုင်းမြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကာ ဝက်လက်မြို့နယ်အသင်းမှ စစ်ကိုင်းမြို့နယ် အသင်းအား နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူးတို့က နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသော အမျိုးသား အမျိုးသမီးအားကစားသမားများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိုင်းနိုင်ကျော်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ဉာဏ်မြင့်ကျော်တို့က ပူးတွဲတတိယဆုရရှိသော ဝန်းသိုမြို့နယ်၊ စစ်ကိုင်းမြို့နယ် အမျိုးသမီး ဘော်လီဘောအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးနှင့် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်သန်းဝင်းတို့က ပူးတွဲတတိယဆုရရှိသော ကနီမြို့နယ်၊ ခန္တီးမြို့နယ် အမျိုးသား ဘော်လီဘောအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒုတိယဆုရရှိသော အင်းတော်မြို့နယ် အမျိုးသမီးဘော်လီဘောအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုအားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ဒုတိယဆုရရှိသော စစ်ကိုင်းမြို့နယ် အမျိုးသား ဘော်လီဘောအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပထမဆုရရှိကြသော ချောင်းဦးမြို့နယ် အမျိုးသမီးဘော်လီဘောအသင်းနှင့် ဝက်လက်မြို့နယ် အမျိုးသားဘော်လီဘောအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများအား ပေးအပ်ချီးမြှင့်ကာ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၁

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "လှပသာယာ ပြည်မြန်မာ"ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁ - ၁၀- ၂၀၂၃ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁၈-၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

❂ ကျောဖုံးမှ

ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါးစသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

နန်ယုတ်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ သစ်ရာ၊ အင်ကြင်းစသည့်အဖိုးတန်သစ်မျိုးများနှင့် ကညင်၊ သပြေ၊ လောက်ယား၊ သစ်စေးစသည့် ဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော ဝက်ဝံ၊ မျောက်၊ ဆတ်၊ ပြောင်၊ ချေ၊ တောဝက်စသည့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာနိုင်ခြင်း၊ ဥရုမြစ်အတွင်း စီးဝင်သော နန်ယုတ်ချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၆၉၀။ | ဦးရဲမင်းသူမိသားစုကောင်းမှု | ၂၀၀၀၀၀၀၀ |
| ၅၆၉၁။ | ကွယ်လွန်သူ ဦးလှရွှေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၉၂။ | ဦးသိန်းထိုက်နှင့်ဇနီး ဒေါ်မြင့်မြင့်ဆန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၉၃။ | ဒေါ်တင်မိုးဝေနှင့်ခုနစ်ရက်သားသမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၉၄။ | ဗိုလ်ကြီးသန်းလှိုင်(ငြိမ်း) နှင့်ဇနီး ဒေါ်သီတာလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၉၅။ | မိခင်ကြီး ဒေါ်မေသန်းညိမ်းအားအမှူးထား၍ ဦးခင်မောင်လတ်နှင့်ဇနီး ဒေါ်အေးအေးညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၉၆။ | (ဦးမြင့်သိန်း)အားရည်စူး၍ ဒေါ်သန်းသန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၉၇။ | ဗိုလ်ကြီးမျိုးအောင်ခိုင်နှင့်ဇနီး ဒေါ်သန်းသန်းငွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၉၈။ | မောင်အောင်သူဟိန်းနှင့်ဇနီး မအေးငြိမ်းသူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၉၉။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးငွေးလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၀၀။ | ဦးအောင်ကြီးနှင့်ဇနီး ဒေါ်မိုးမိုးအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၀၁။ | ဒေါ်သက်ဝေနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၀၂။ | ဦးသန်းမြင့်နှင့်ဇနီး ဒေါ်အေးသင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၀၃။ | ဦးမြင့်နိုင်နှင့်ဇနီး ဒေါ်ခင်အေးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၀၄။ | ဦးစိုးနိုင်နှင့်ဇနီး ဒေါ်သင်းသင်းလှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၀၅။ | ဦးဇော်မင်းအောင်နှင့်ဇနီး ဒေါ်ထားယုခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၀၆။ | ဦးအောင်ကျော်ဝင်းနှင့်ဇနီး ဒေါ်ကြည်ကြည်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၀၇။ | ထောက်ပံ့ရေးအရာခံဗိုလ်သင်တန်း(၁/၂၀၂၃)မှ သင်တန်းသားများကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၀၈။ | ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ (အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့)နှင့် ဆရာတော်များကောင်းမှု | ၃၀၀၀၀၀၀၀ |
| ၅၇၀၉။ | ဗိုလ်မှူးကြီးခင်မောင်ချို(ငြိမ်း) မိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၅၇၁၀။ | ဦးမင်းစိုးနှင့်ဇနီး ဒေါ်ယုနန္ဒာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၁၁။ | ဦးလှဦးနှင့်ဇနီး ဒေါ်အမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၁၂။ | ဦးတိုးတိုးနှင့်ဇနီး ဒေါ်ညိုညိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၁၃။ | ဗိုလ်ကြီးငြိမ်းချမ်းဦးနှင့်ဇနီး ဒေါ်ဆုဝေထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၁၄။ | ဦးကျော်စိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၁၅။ | ဦးဇော်လွင်ဦးနှင့်ဇနီး ဒေါ်မူမူလှိုင် မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၁၆။ | ဦးအောင်ထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၁၇။ | ဦးငွေးအောင်နှင့်ဇနီး ဒေါ်ခင်အုန်းခမ်း မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၁၈။ | ဒေါ်တင်တင်ငွေး၏မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၅၇၁၉။ | ဦးစိန်သန်းနှင့်ဇနီး ဒေါ်မြမြ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၀။ | ဦးကုလားနှင့်ဇနီး ဒေါ်ခင်သိန်းတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၁။ | ဒေါ်စိန်မြိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၂။ | ဦးမြင့်စိန်နှင့်ဇနီး ဒေါ်ချစ်သာတို့အားရည်စူး၍ (သမီး) ဒေါ်နွဲ့နွဲ့မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၃။ | ဦးမျိုးမင်းထိုက်နှင့်ဇနီး ဒေါ်ခင်စန္ဒာအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၄။ | ဦးမောင်မောင်ဦးနှင့်ဇနီး ဒေါ်တင်ငွေဆန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၅။ | အောင်သိဒ္ဓိမွှာရုံမှ အလှူရှင်များကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၆။ | ဦးမျိုးဇော်နှင့်ဇနီး ဒေါ်စိမ့်စိမ့်လှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၇။ | ဒေါ်ဆွေမာစိန်လှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၈။ | ဒေါ်မိမိခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၂၉။ | ဒေါ်အေးသန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၀။ | ဒုတိယဗိုလ်မှူးကြီးမြင့်ငွေနှင့်ဇနီး ဒေါ်မြမြအေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၁။ | ဗိုလ်မှူးသိန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၂။ | ဗိုလ်ကြီးသန်းညို(ငြိမ်း)နှင့်ဇနီး ဒေါ်ကေသီဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၃။ | ဦးသန်းအောင်နှင့်ဇနီး ဒေါ်ခင်ထွေးရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၄။ | ဦးခင်မောင်ငွေနှင့်ဇနီး ဒေါ်စန်းစန်းအေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၅။ | ဦးထွန်းသာနှင့်ဇနီး ဒေါ်ထွန်းအေးစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၆။ | ဦးတူးကိုကိုနှင့်ဇနီး ဒေါ်စုမွန်ဖြိုးဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၇။ | ဒေါက်တာမြင့်သူဇာနှင့် ကျောင်းသူများကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၈။ | ဦးလင်းဇော်နိုင်နှင့်ဇနီး ဒေါ်နွယ်နွယ်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၃၉။ | ဦးကြင်စိန်နှင့်ဇနီး ဒေါ်လှလှရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၀။ | ဦးရန်နိုင်ထူးနှင့်ဇနီး ဒေါ်သန်းသန်းစိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၁။ | ဒေါက်တာစိန်ဝင်း၊ ဒေါ်စီစီကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၂။ | ဦးစိုးပိုင်နှင့်ဇနီး ဒေါ်ဝင်းဝင်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၃။ | ဒေါ်စန်းစန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၄။ | ဦးမောင်မောင်နှင့်ဇနီး ဒေါ်ခင်ခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၅။ | ဦးကြည်ထွန်းနှင့်ဇနီး ဒေါ်အုန်းအုန်းထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၆။ | ဦးကိုကိုဝင်းနှင့်ဇနီး ဒေါ်အေးအေးမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၇။ | ဦးမောင်မောင်နိုင်နှင့်ဇနီး ဒေါ်စန်းစန်းထူး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၈။ | ဦးမျိုးမြင့်သူနှင့်ဇနီး ဒေါ်နှင်းစုစံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၄၉။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်အေးကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၇၅၀။ | ဒေါ်ခင်လှမိသားစုကောင်းမှု | ၁၀၀၀၀၀ |

## **မာရဝိဇယ**ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ **စက်တင်ဘာလ ၄** ရက်နေ့မှစ၍ **လူဝင်ကြေးအခမဲ့**ဖြင့် ဆက်လက်ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ်လ ၈ ရက်နေ့မှစတင်၍ ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးခဲ့ကာ နေ့စဉ်နိုင်ငံတစ်ဝန်းမှ ရဟန်းသံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိပါသည်။ **စက်တင်ဘာ ၄** ရက်နေ့မှစ၍ လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီးရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ်ပါဝင်နိုင်ရေးအတွက် ဖော်ပြပါနှုန်းထားများအတိုင်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်-

| | |
|---|---|
| (၁) လူဝင်ကြေး(အခမဲ့) | - အခမဲ့ |
| (၂) ဖုန်း ၁ လုံး(ကင်မရာအပါ) (ကင်မရာပါသောဖုန်းများသာကောက်ခံပြီး Keypad ဖုန်းများမကောက်ခံပါ) | - ၁၀၀၀/-ကျပ်။ |
| (၃) အပျော်ရိုက်ကင်မရာ | - ၅၀၀၀/-ကျပ်။ |
| (၄) အလှဓာတ်ပုံရိုက်/Video(Pre Wedding အပါအဝင်) (၂ နာရီ) (နာရီဝက်ပိုတိုင်း-၅၀၀၀ ကျပ်) | - ၅၀၀၀၀/-ကျပ်။ |
| (၅) ဥယျာဉ်တော်အတွင်း ယာဉ်ရပ်နားကွင်း ယာဉ်ငယ် ၁ စီး (အိမ်စီးယာဉ်ငယ်များကိုသာ ဥယျာဉ်တော်အတွင်း ဝင်ခွင့်ပြုပါသည်။ ယာဉ်ကြီးနှင့်ဆိုင်ကယ်များ ဥယျာဉ်တော်ပြင်ပတွင် ရပ်နားရန်။) | - ၂၀၀၀၀/-ကျပ်။ |

(၆) Buggy စီးနင်းခြင်း၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေးမကောင်းသူများအတွက်သာ Buggy အခမဲ့စီးနင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ်(၆၃)၊ (၂ ခန်းတွဲ – ၆ ထပ်တိုက်)မှ (၄–လွှာ)(ခြေရင်းဘက်ခြမ်း)၊ ခန့်မှန်းအကျယ်အဝန်း (၁၀၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်စပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဦးမျိုးအောင် [၁၂/သဃက(နိုင်)၀၀၀၈၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေရည်ဝင်း [၁၂/ဥကတ(နိုင်)၁၉၈၇၄၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစုထွေး ( LL.B, D.B.L, D.M.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၂၁၇၃)**
**အမှတ် – ၆၂(ပထမထပ်)၊ အခန်းအမှတ်–၉၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၁၀၂၀၄၁၅ ၊ ၀၉–၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇၊ မြေကွက် အမှတ်–၅၀၈(ခ)ဖြစ်သော အမှတ်–၅၀၈(ခ)၊ အောင်သပြေ(၇)လမ်း(အနောက်)၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် ဦးချစ်သိန်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန် ဧရိယာ(အလျား ၂၀xအနံ ၆၀)ပေအနက်မှ တရားဝင် မခွဲစိတ်ရသေးသော (အလျား ၁၀xအနံ ၆၀)ပေ(ခြေရင်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက်အဆောက်အဦနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ခင်မြတ်မွန် [၁၄/ငပတ(နိုင်)၀၃၄၈၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ မြေနှင့်အဆောက်အဦနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဆုမြတ်မွန် (LL.B, D.B.L, D.I.L)** | **ဒေါ်သူဇာထွေး(LL.B, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၇၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၁၈)** |

**အမှတ် – ၁၀/၁၂ ၊ မြေညီထပ်၊ ၃၅–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၂၅၄၁၄၅၄၃၀၊ ၀၉–၄၅၀၀၄၄၆၉၆**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ဝါးတန်းလမ်း၊ တိုက်အမှတ်(၇၄)၊ ပထမထပ်၊ အကျယ်အဝန်း (၂၅ပေ x ၅၀ပေ)ရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ရေ၊ မီးအပြည့်အစုံနှင့်တကွ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ(မြေရှင်) ဦးခွန်ရွှေအုပ်[၁၃/တကန(နိုင်)၀၄၉၂၅၅]၊ ဒေါ်နန်းမြရွှေ(SYHE–၀၄၁၈၈၅) [၁၃/တကန(နိုင်)၀၄၆၂၅၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန်းစန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၁၂)**
**ရုံးအမှတ် (၆၂)၊ ပထမထပ်၊ အခန်းအမှတ် (၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်(၇၅၇)တွင် တည်ရှိသော (၈)လွှာ၊ အကျယ်အဝန်း (၂၅ပေ x ၆၀ပေ)ရှိသော တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ရေ၊ မီးအပြည့်အစုံနှင့်တကွ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးလွင် [၁၂/အစန(နိုင်)၀၂၂၈၁၆]၊ ဒေါ်ခင်အေးနွဲ့ [၁၂/လမတ(နိုင်)၀၁၈၈၆၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန်းစန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၁၂)**
**ရုံးအမှတ် (၆၂)၊ ပထမထပ်၊ အခန်းအမှတ် (၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၄၄၁)၊ ဧရိယာ(၀. ၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဒေါ်မိုးမိုးငြိမ်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ဇာဇာဝင်း [၉/ငဇန(နိုင်)၁၄၀၉၅၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုဇင်ဝင်း [၁၂/လမန(နိုင်)၁၅၂၈၁၂] ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B, W.I.P.O (Swit)** | **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၁)** |

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၀၉၃၉၇၀၊ ၀၉–၂၅၄၅၄၆၃၆၅၊ ၀၉–၄၄၃၁၀၅၅၈၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၁၊ မြေကွက်အမှတ်– ၁၉/ဃ၊ အမှတ်–၁၀၊ ကန်လမ်း၊ LAMIN CONDOMINIUN (II),Basement + မြေညီထပ် ကားပါကင်ပါဝင်သော (တစ်ဆယ့်နှစ်ထပ် + Penth house) (၁၂ခ)အဆောက်အဦ၏ (၁၂)ထပ်၊ အခန်းအမှတ်(# 12–04)ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းကို အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်းသိန်း [၉/ပဥလ(နိုင်)၀၀၂ ၅၃၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာစိုးလှိုင် [၉/မထလ(နိုင်)၀၄၅၈၅၈]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B, W.I.P.O (Swit)** | **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၁)** |

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၀၉၃၉၇၀၊ ၀၉–၂၅၄၅၄၆၃၆၅၊ ၀၉–၄၄၃၁၀၅၅၈၃**

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

## MYANMAR SEAFARERS FEDERATION

### “အထူးအသင်းသားမျက်နှာစုံညီအစည်းအဝေး (Extra Ordinary Meeting) ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခြင်း”

MSF အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ အထူးအသင်းသား မျက်နှာစုံညီအစည်းအဝေး (Extra Ordinary Meeting) အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အဖွဲ့ချုပ်အဖွဲ့ဝင်များ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်–

ကျင်းပမည့်နေ့ရက်။ ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်၊ တနင်္ဂနွေနေ့။
ကျင်းပမည့်အချိန် ။ ။ နံနက် (၁၀:၀၀) နာရီမှ မွန်းတည့်(၁၂:၀၀) နာရီအထိ
ကျင်းပမည့်နေရာ ။ ။ အမှတ် (၅၃)မြေညီထပ်၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

MSF အဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မေးမြန်းလိုသည့်ကိစ္စရပ်များရှိပါက အောက်ဖော်ပြပါများသို့ ကြိုတင်မေးမြန်းထားနိုင်ပါသည် –

(က) အီးမေးလ်မှတစ်ဆင့် မေးမြန်းလိုပါက info@myanmarseafarers.org သို့ ပေးပို့နိုင်ပါသည်။
( ခ ) စာဖြင့်ပေးပို့မေးမြန်းလိုပါက အမှတ်(၅၃)မြေညီထပ်၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အိတ်ပိတ်စာဖြင့် ပေးပို့နိုင်ပါသည်။
(ဂ) မေးမြန်းလိုသည့်အချက်များအား ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့ ညနေ (၅) နာရီနောက်ဆုံးထား၍ ပေးပို့နိုင်ပြီး မေးမြန်းသည့်အချက်များအား အထူးအသင်းသား မျက်နှာစုံညီအစည်းအဝေး (Extra Ordinary Meeting) အစည်းအဝေးတွင် ပြန်လည်ဖြေရှင်းတင်ပြပေးပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျီစုရွာသစ်၊ အောင်ရတနာလမ်းသွယ်၊ အကျယ်အဝန်း (၆၀ ပေ x ၄၀ ပေ)ရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းကြိုင် [၁၂/လကန(နိုင်)၁၃၀၅၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ–ထပ်)၊Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉– ၉၆၅၁၇၈၀၁၈၊ ၀၉– ၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၆ဒီ/၂–က)၊ ဧရိယာ(၀.၁၈၅၅)ဧကအနက်မှ တစ်ဝက်အကျယ်အဝန်းရှိ မြေပိုင်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၌ ဦးအေးချမ်း(ဘ)ဦးမြင့်သိန်း [၁၂/ကမရ(နိုင်)၀၃၅၄၁၈]၏ အမည်ဖြင့် မှတ်သားထားရှိပါသည်။ ဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား ဦးဇေယျာကြည်(ဘ)ဦးခင်မောင်ကြည်[၁၂/ကတတ(နိုင်)၀၂၆၄၀၈]က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆိုပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီဝမ်းလှိုင်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၆၁၇)**
**တိုက်(၄)၊ အခန်း(၂၀၄)၊ ပုလဲမွန်အိမ်ရာ၊ (၆၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း –၀၉–၄၂၀၂၂၃၈၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေကွက်ကြီးအမှတ် (၁၅၆)၊ မြေကွက်အမှတ် (၄၀၉)၊ ယုဝတီလမ်း၊ မြေအကျယ် (၄၀ပေx၆၀ပေ) ခန့်ရှိ ဦးသန်းမောင် [၁၂/သဃက(နိုင်)၀၆၇၇၉၂] အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၉၁၀) နှင့် ကပ်လျက် မြေအကျယ် (၂၀ ပေx၆၀ ပေ)ခန့်ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို စာချုပ်အဆက်အစပ်များဖြင့် ပိုင်ဆိုင်သူ ဒေါ်မြမြဝင်း [၁၂/သဃက(နိုင်)၀၆၇၉၉၅]ထံမှ ဒေါ်စောမိုးဝါ [၁၂/တမန(နိုင်)၀၇၆၈၅၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၅)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**Japan ဘုန်းမြင့်(ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09–767772099,09–774597373,09–767779901**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ၂၀၂၃–၂၀၂၄ခု ဘဏ္ဍာရေးနှစ်အတွင်း (၂၀၂၃ခုနှစ်၊ အောက်တိုဘာလအတွက်လိုအပ်သော)ဒီဇယ်ဆီ(High Speed Diesel)၊ပရီမီယံဒီဇယ်ဆီ(Premium High Speed Diesel) နှင့် ဓာတ်ဆီ(Octane–92)တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၂၁–၉–၂၀၂၃ ရက်နေ့ (၁၃:၀၀) နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၄–၉–၂၀၂၃) ရက်နေ့မှစ၍ (၁၉–၉–၂၀၂၃) ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁–၈၆၁၀၂၃၀ နှင့် ၀၁–၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (၄၅)ဟုခေါ်တွင်သော (၂) ခန်းတွဲ (၃) ထပ်အဆောက်အဦရှိ အပေါ်ဆုံးထပ် (ခေါင်းရင်းခန်း)၊ အခန်းအမှတ်(၅)ဟု ခေါ်တွင်သော တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတန်အန်စိုင်း [၁၂/စခန(ပြု)၀၀၀၀၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍နစ်နာမှု တစ်စုံတစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလိမ္မော်  (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၃၁၄)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၆၉၂၂၉၉၅၆၃၊ ၀၉–၄၂၈၆၃၀၇၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈)၊ မြေကွက်အမှတ်(၆၀)ဟုခေါ်တွင်သော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်၊ အင်ကြင်းလမ်း၊ အိမ်အမှတ်(၆၀)ရှိ ဦးမောင်မောင်စန်း (AB–069606) [၁၂/ကမရ(နိုင်)၀၀၈၂၁၇] အမည်ပေါက် (၄၀ပေx၆၀ပေ) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၆၁)နှင့်ကပ်လျက် (၁၇ပေx၆၀ပေ) ကျယ်ဝန်းသည့် ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ထားကြသည့် အမည်ပေါက် ဦးမောင်မောင်စန်း၏ ညီမအရင်းများဖြစ်ကြသော (၁)ဒေါ်အေးအေး[၁၂/ကမရ(နိုင်)၀၀၇၀၁၃]၊ (၂)ဒေါ်မြင့်မြင့်သိန်း[၁၂/ကမရ(နိုင်)၀၀၇၀၁၄]၊ (၃)ဒေါ်အေးအေးသိန်း [၁၂/ကမရ(နိုင်)၀၀၈၂၁၀]တို့မှ လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြပြီး ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေအားလုံးကို ပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)**
**အထက်တန်းရှေ့နေ(စဉ်–၄၇၄၅၉)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၈၈၅၀၃၂၃၁၅**

# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၅၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီပေါက်စဉ် ၂၀၂၃ ခုနှစ် စက်တင်ဘာ လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု
င - ၄၁၆၇၉၂

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု
ခ - ၄၁၂၇၂၀

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု
ဃ - ၅၂၄၉၇၅

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| က - ၃၃၆၈၀၉ | စ - ၇၄၉၃၉၈ |
| ဃ - ၃၇၆၈၅၅ | င - ၇၅၈၈၀၄ |

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| င - ၁၁၅၅၉၂ | စ - ၅၇၈၂၄၄ |
| ခ - ၄၉၈၂၅၈ | ဂ - ၆၉၆၈၆၀ |
| ခ - ၅၀၇၆၃၇ | ဂ - ၇၆၁၅၁၂ |

ကံထူးရှင်(၆)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ခ - ၂၄၇၆၉၆ | ခ - ၄၃၉၈၁၀ | ဃ- ၈၀၆၃၅၄ |
| င - ၂၆၅၉၁၀ | စ - ၅၄၈၃၉၄ | က- ၈၂၂၄၃၇ |
| ဂ - ၂၆၉၆၈၈ | က - ၅၇၃၆၃၂ | စ - ၉၂၇၆၁၄ |

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ခ - ၁၀၄၆၉၅ | က - ၆၀၆၉၄၄ |
| ဃ - ၁၂၁၃၈၀ | ဃ - ၆၇၄၁၅၀ |
| ခ - ၁၄၄၇၉၆ | စ - ၆၈၈၆၈၈ |
| က - ၂၇၇၁၆၆ | စ - ၇၇၂၅၆၃ |
| စ - ၂၇၇၄၆၄ | ခ - ၇၈၁၁၂၉ |
| ခ - ၃၉၆၀၈၈ | စ - ၉၄၇၄၅၆ |

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| ဃ- ၂၆၀၂၇၀ | ဃ- ၄၉၈၂၈၁ | ခ - ၇၁၃၅၉၄ |
| ခ - ၂၆၄၂၉၄ | ဃ- ၅၀၄၅၀၀ | ဂ - ၇၂၇၅၇၉ |
| င - ၂၇၆၈၅၉ | ဂ - ၅၀၄၇၇၃ | င - ၈၀၄၉၀၆ |
| ခ - ၂၉၆၆၀၄ | င - ၅၃၇၃၀၈ | ဃ- ၈၁၀၈၀၅ |
| ဂ - ၃၄၇၉၃၆ | င - ၆၁၀၃၄၈ | စ - ၈၇၃၁၉၈ |
| ဃ - ၄၅၅၁၉၄ | ဂ - ၆၃၅၀၉၀ | င - ၉၇၁၂၂၉ |
| က - ၄၉၃၃၈၉ | | |

ကံထူးရှင်(၁၉)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ခ - ၂၀၃၈၀၉ | ဃ - ၅၁၀၂၅၆ |
| က- ၂၄၈၂၆၆ | င - ၅၂၀၃၄၀ |
| ဃ- ၂၇၈၅၉၉ | င - ၅၄၉၂၇၁ |
| ဂ - ၄၂၄၈၄၇ | ခ - ၆၁၃၃၄၅ |
| ဃ- ၄၂၅၀၁၆ | ဂ - ၆၅၄၄၀၅ |
| င - ၄၇၅၀၄၅ | ခ - ၇၂၄၀၇၆ |
| စ - ၄၈၂၀၁၂ | ခ - ၈၈၃၇၁၃ |
| င - ၄၈၆၂၃၃ | က - ၈၈၆၅၉၁ |
| င - ၅၀၉၄၂၈ | င - ၉၅၄၁၂၆ |

ကံထူးရှင်(၁၈)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

က - ၁၃၉၈၆
ဃ - ၅၀၃၀၈
ခ - ၈၄၆၀၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဇ - ၄၁၇၁
ဈ - ၅၇၆၀
ဃ - ၈၈၉၀

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၁၈)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၃)ယူနစ်

| | | |
|---|---|---|
| ဂ - ၁၂၆ | ဂ - ၇၆၈ | ဂ - ၉၀၅ |
| ဂ - ၂၇၉ | ဂ - ၇၇၈ | စ - ၉၂၉ |
| ဆ - ၂၉၅ | ဂ - ၈၀၉ | ခ - ၉၇၇ |
| ဋ - ၆၃၆ | ဇ - ၈၈၈ | ဌ - ၉၉၄ |
| ဈ - ၆၅၅ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၈၃၄၇)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၄)ယူနစ်

| | |
|---|---|
| ဃ - ၄၀ | ဈ - ၈၁ |
| ည - ၇၄ | ဋ - ၉၀ |

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၁၁၉၆၆)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၂)ယူနစ်

စ - ၁
ဋ - ၄

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ပုံနှိပ်စဉ်ကပင်ပါဝင်ခြင်းမရှိသည့် စ-၁၀၀၀၀၀ နှင့် စ-၁၀၀၀၀၁ ဂဏန်းများအတွက် အစားထိုး ဖွင့်လှစ် ပေးသည့် ပေါက်ဂဏန်းများ ဖြစ်ပါသည်။

စ - ၁၆၄၄၆၀ စ - ၁၇၄၀၄၅

ကံထူးရှင်(၁၀၆၁၄၁)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဂ - ၇၀၆၁၅၃ စ - ၇၅၃၇၇၃

ကံထူးရှင်(၂)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၄)ယူနစ်

စ - ၂၀၀၉၈ က - ၆၀၅၇၃ ဃ - ၆၁၃၅၃ ခ - ၉၄၈၂၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၄၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁)ယူနစ်

ဋ - ၇၀၉၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁)ယူနစ်

ည - ၉၇၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၇၈)ဦး

၁။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၅၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အောင်ဘာလေသိန်းဆုနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၂၆၇၉၇)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၂၆၇၉၇)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ် ပေးခဲ့ပါသည်။

၃။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၅၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်စောင်ရေ (၆၇၅၀၀၄၀)စောင် နှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ည)အက္ခရာထိ အက္ခရာ(၁၀)လုံးဖြစ်ပြီး ၎င်းအနက်မှ ၂၅% ဖြစ်သော ထီလက်မှတ်စောင်ရေ (၂၂၄၉၉၄၀) စောင်တို့ဖြစ်ပါသည်။

၄။ (၅၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၄-၉-၂၀၂၃ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၁၂-၉-၂၀၂၃ ) ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ (၅၄)ကြိမ်မြောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဆုမဲများအနက် ကျပ်(၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၄-၉-၂၀၂၃ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ ထီကံစမ်းသည်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ကျပ် (၁၀)သိန်းနှင့်အောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဆုငွေများမှအပ ကျန်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

## ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှရရှိသော ဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား အသိပေးကြေညာခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများမှရရှိသောဝင်ငွေများအပေါ် အခွန်လွတ်ကင်းမှုများမဖြစ်ပေါ် စေရန်နှင့် နိုင်ငံတော်မှရသင့်ရထိုက်သောဝင်ငွေခွန်များရရှိစေရန်ရည်ရွယ်လျက် ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် အမိန့်ကြော်ငြာ စာအမှတ် ၆၃/၂၀၂၃ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၂။ ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်နည်းလမ်း (သို့မဟုတ်) ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့်ဝင်ငွေခွန်ကောက်ခံမှုနည်းလမ်းဆိုသည်မှာ ငွေပေးချေသည့်အချိန်တွင် အခွန် ကိုတစ်ပါ တည်းနုတ်ယူ၍ နိုင်ငံတော်သို့ပေးသွင်းရသောစနစ်တစ်ခုဖြစ်ပြီး အလုပ်ရှင် (သို့မဟုတ်) ငွေထုတ်ပေးရန်တာဝန်ရှိသူက ဖြတ်တောက်နုတ်ယူသူအဖြစ် တာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

၃။ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ ပါ သတ်မှတ်ချက်အရ **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့်တာဝန်များနှင့် အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏တာဝန်များမှာ** အောက်ပါအတိုင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

**(က) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့်တာဝန်များ**

(၁) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူထံ ပေးချေရမည့်အခကြေးငွေဖြစ်ပါက ပေးချေငွေအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို နုတ်ယူ၍ နုတ်ယူထားသည့်နေ့မှ (၁၅)ရက်အတွင်း ငွေလက်ခံရရှိသူ (သို့မဟုတ်) ကျန်းမာရေးစောင့်ရှောက်မှုပေးသူအမည်ဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းရန်၊

(၂) မိမိတို့လုပ်ငန်းတွင် အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ထားသည့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများအား လစာဝင်ငွေပေးချေခြင်းဖြစ်ပါက လစာ ခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ထမ်းဆောင်သည့်နည်းလမ်းအတိုင်းဆောင်ရွက်ရန်။

**(ခ) အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏တာဝန်များ**

(၁) မိမိတို့ရရှိသည့်ဝင်ငွေနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)အရ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာအခွန်ရုံးထံ ဝင်ငွေကြေညာလွှာတင်သွင်းရန်၊

(၂) ပင်ရင်းမှနုတ်ယူပေးသွင်းခဲ့ရသည့်ဝင်ငွေခွန်ကို စည်းကြပ်မှုအရကျသင့်ဝင်ငွေ ခွန်မှ ခုနှိမ်ပေးနိုင်ရေးအတွက် ငွေထုတ်ပေးရန်တာဝန်ရှိသူက ပေးအပ်ထားသည့် ငွေသွင်းချလန်မူရင်းများကို စနစ်တကျသိမ်းဆည်းထားရန်။

၄။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိ သော ဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်ကို ကျင့်သုံးခြင်း ကြောင့် အခွန်ပေးဆောင်သူဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် အခွန် ဝန်ထုပ်ဝန်ပိုး မဖြစ်စေခြင်း၊ အခွန်ဆိုင်ရာဥပဒေများအပေါ်လိုက်နာမှုအားကောင်းစေခြင်း ကြောင့် ဒဏ်ကြေးမကျသင့်ခြင်းဟူသည့် အကျိုးကျေးဇူးများကိုရရှိမည်ဖြစ်ပါသည်။

၅။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိ သော ဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်နှင့်စပ်လျဉ်း ၍ ပိုမို ပြည့်စုံစွာသိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်) တယ်လီဖုန်းနံပါတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) တယ်လီဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### ပျောက်ဆုံးကြောင်း

ဦးသန်းတိုးအောင်[၇/ကပက (နိုင်)၁၂၆၄၇၀]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-650521191**

### ပျောက်ဆုံးကြောင်း

ဦးအောင်ပြည့်ဖြိုး[၉/ပမန (နိုင်) ၂၆၅၁၀၆]ကိုင်ဆောင်သော ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်ပြား OWIC ကတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-963148941**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်မြို့နယ်၊ ချောင်းစောက်ကျေးရွာ၊ အ.ထ.က(ခွဲ)ကျောင်း Grade-9တွင် ပညာသင်ကြားနေသော မသဲစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးလွင်[၁၂/သလန(နိုင်)၁၁၈၃၀၆]ဖြစ်ပါသည်။

### အများသိစေရန်ကြေညာခြင်း

